ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday 27 June 2018 ၉၃၃၀




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ မိန့်ခွန်းပြောကြား

နေပြည်တော် ဇွန် ၂၆

**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်းပြောကြားသည်။**

အစည်းအဝေးသို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် NDI ဥက္ကဋ္ဌအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် NDI ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## တရားဥပဒေစိုးမိုးရေး၏ အရေးပါမှုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် National Democratic Institute (NDI) ၏ ဥက္ကဋ္ဌ Kenneth Wollack အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် NDI မှ ပို့ချပေးလျက်ရှိသည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အစီအစဉ်များနှင့် တရားဥပဒေစိုးမိုးရေး၏ အရေးပါမှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

### ထစ်ချုန်းမိုး

**နေပြည်တော်**

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် National Democratic Institute ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၈

### အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကြည့်ရှုလေ့လာ

စာမျက်နှာ » ၈



### သန်လျင် ရေကြောင်းတက္ကသိုလ်-ထောက်ကြန့် YBS 32 ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

စာမျက်နှာ » ၂



ကြေးမုံ

# ပြည်သူနှင့်အတူ စုပေါင်းနှိမ်နင်း

“ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေကို လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး ပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းကြဖို့ အထူးပဲ အရေးကြီးပါတယ်။ ဒီကနေ့ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို မတိုက်ဖျက်နိုင်ဘူးဆိုရင် နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားဟာ မတွေးဝံ့စရာ အခြေအနေကို ဆိုက်ရောက်လာနိုင်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ဖြည်းဖြည်းချင်းဝါးမျိုပြီး ကျွန်တော်တို့ရဲ့ လူငယ်တွေကို အညွှန့်ချိုးနေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ အနာဂတ်ကို တစ်စစီနင်းခြေပစ်နေတဲ့ ဒီမူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့အားလုံး ပြည်သူနဲ့အတူ စုပေါင်းပြီးနှိမ်နင်းကြဖို့ အထူးအလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်”ဟု နိုင်ငံတော်သမ္မတဦးဝင်းမြင့်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာပေါ်တွင် ပိုမိုရှုပ်ထွေးကြီးမားလာပြီး ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို ထိခိုက်ဖျက်ဆီးသည့် ကပ်ရောဂါဆိုးကြီးအသွင်ဖြစ်နေသည်။ နိုင်ငံအလိုက်သာမက နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များ၏ အကျိုးဆက်ရလဒ်များအဖြစ် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ ထိခိုက်လိုက်စားလာကြောင်း မြင်တွေ့နေရသည်။ စစ်တမ်းများအရ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အရွယ်မတိုင်ခင် သေဆုံးသူပေါင်း တစ်သိန်းကိုးသောင်းကျော်ရှိပြီး မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ရောဂါများမြင့်တက်လာကြောင်း ၂၀၁၇ ခုနှစ်ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မူးယစ်ဆေးဝါးကွန်ဗင်းရှင်းများနှင့်အညီ ဥပဒေပြဋ္ဌာန်းပြီး စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာအဖွဲ့အစည်း၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ထုတ်လုပ်မှု ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ဒေသအလိုက် အထူးစစ်ဆင်ရေးများ ပြုလုပ်ပြီး တားဆီးတိုက်ဖျက်နှိမ်နင်းခဲ့သည်ကို တွေ့ရသည်။

မူးယစ်ဆေးဝါးပြဿနာကို ပိုမိုထိရောက်စွာ နှိမ်နင်းနိုင်ရန်အတွက် နိုင်ငံတော်သမ္မတကြီး ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုစဉ် ပြောကြားခဲ့မှု၊ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားခဲ့မှုတို့နှင့်အညီ အဓိကထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်သည့် လက်ကြီးသမားများကိုဦးစားပေးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ ဖောဖောသီသီ ရောင်းဝယ်ဖောက်ကားမှုများကို မသိချင်ယောင်ဆောင်ထားသည့်၊ သိလျက်နှင့် လွှတ်ထားသည့် ဖြစ်စဉ်မျိုးများဖြစ်လာလျှင် အဓိကတာဝန်ရှိသူများကို ဦးစားပေးအရေးယူမှုပြုလုပ်ရေး၊ ကွင်းဆက်ပျောက်သွားသည့်၊ ပိုင်ရှင်မဲ့ဖြစ်သွားသည့် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရေး၊ မူးယစ်ရဲများ၏ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီးတစ်ဖက်တွင် ဆုပေးဒဏ်ပေးစနစ်ကို ထိထိရောက်ရောက်ဖြစ်အောင် ပြင်ဆင်ပေးရေး၊ အခြေအနေအရလိုအပ်လျှင် ဗဟိုတွင် လျှပ်တစ်ပြက်ဖမ်းဆီးနိုင်သည့် မူးယစ်ဆေးဝါးနှိမ်နင်းရေး အဖွဲ့တစ်ဖွဲ့ထားရှိပြီး ဆောင်ရွက်ရေးတို့ကို အမျိုးသားရေးအသွင်ဖြင့် ပြည်သူနှင့်အတူ ပူးပေါင်းလက်တွဲ၍ စုပေါင်းတိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သန်လျင် ရေကြောင်းတက္ကသိုလ်-ထောက်ကြန့် YBS 32 ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ



**ရန်ကုန် ဇွန် ၂၆**

ခရီးသွားပြည်သူများနှင့် ကျောင်းသားကျောင်းသူ၊ ဒေသခံများ သွားလာမှုလွယ်ကူ ချောမွေ့စေရန်အတွက် သန်လျင် ရေကြောင်းတက္ကသိုလ်မှ ထောက်ကြန့်အထိ ပြေးဆွဲမည့် လူထုမိတ်ဆွေအကျိုးပြု စတုတ္ထမြောက် YBS 32 ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက သန်လျင် ရေကြောင်းတက္ကသိုလ်အတွင်း ကျင်းပပြီး သန်လျင်ဘက်တွင် ထားရှိပြေးဆွဲမည့် ယာဉ်အစီးရေ ၂၅ စီး၊ ထောက်ကြန့် မြို့ရှောင်လမ်း (ဂိတ်ဖျား)မှ ယာဉ်အစီးရေ ၂၅ စီး စုစုပေါင်း ယာဉ်အစီးရေ ၅၀ ဖြင့် စတင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း လူထုမိတ်ဆွေအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်က သိရသည်။

**ပိုမိုကောင်းမွန်ပို့ဆောင်စနစ်**

လူထုမိတ်ဆွေအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ Operation Director ကိုတရုတ်လေးက ပိုမိုကောင်းမွန်သော ပို့ဆောင်ရေးစနစ် ဖြစ်ပေါ်လာစေရေး ရည်ရွယ်ချက်ဖြင့် ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စေရေးနှင့် တက္ကသိုလ်အခြေပြု ယာဉ်လိုင်းများကို ဦးစားပေးလုပ်ဆောင်ရန် ရည်ရွယ်ချက်များရှိပါကြောင်း၊ ယခင်က မီနီဘတ်စ် ယာဉ်ပြေးဆွဲပြီး ယာဉ်စီးရေနည်းလာသဖြင့် ဝန်ဆောင်မှုအပိုင်း လိုအပ်ချက်များရှိသောကြောင့် ယနေ့မှာ YBS 32 ကို ယာဉ်အသစ်အနေဖြင့် အစားထိုးပြေးဆွဲခြင်းဖြစ်ကြောင်း၊ ယနေ့ YBS 32 ယာဉ်လိုင်းသစ်ဖွင့်သည့် မင်္ဂလာနေ့ဖြစ်သောကြောင့် ခရီးသွားပြည်သူများကိုလည်း ယာဉ်စီးခ အခမဲ့ပေးထားကြောင်း၊ ယာဉ်လွှတ်စနစ်ကို ထောက်ကြန့်ဘက်မှ နံနက် ၅ နာရီမှ စတင်ဂိတ်လွှတ်ပြီး သန်လျင်ဘက်မှလည်း နံနက် ၅ နာရီမှ စတင်ဂိတ်လွှတ်ကာ ည ၈ နာရီအထိ ပြေးဆွဲမည်ဖြစ်ကြောင်း၊ ခရီးစဉ်ပြေးဆွဲသည့် အကွာအဝေးကြာမြင့်ချိန်ကို မူတည်ပြီး လိုအပ်လျှင် ယာဉ်စီးရေ ထပ်တိုးရန်ရှိကြောင်း၊ လူထုမိတ်ဆွေအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာ နည်းပညာကို ရယူပြီး ပိုမိုကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ်များ ပြုလုပ်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက ယခင်က မီနီဘတ်စ်ယာဉ်များကို ရေကြောင်းတက္ကသိုလ်နှင့် အောင်မင်္ဂလာအဝေးပြေးသို့ ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်ပို့ဆောင်မှုများမှာ အဆင်မပြေမှုများရှိကြောင်း၊ ယင်းအဆင်မပြေမှုများတွင် ရေကြောင်းတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများလည်း ပါရှိကြောင်း၊ ကျောင်းသား ကျောင်းသူများသည် အနာဂတ်၏ ခေါင်းဆောင်သစ်များဖြစ်သည့်အတွက် သူတို့၏ အခန်းကဏ္ဍကလည်း အရေးကြီးပြီး ကျောင်းသား ကျောင်းသူများ၏ တင်ပြမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူတွေက ယခုလို City Bus ယာဉ်များဖြင့် အစားထိုးပြီး ပြေးဆွဲခြင်းဖြစ်ပါကြောင်း၊ ခရီးသည်အနေဖြင့်ရော၊ ကျောင်းသားကျောင်းသူ အနေဖြင့်ရော မိမိတို့တွေ့ကြုံရသည့် အခြေအနေအပေါ် အဆင်ပြေမှု၊ အဆင်မပြေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ အကြောင်းကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဖြေရှင်းပေးသွားမည် ဖြစ်သည့်အတွက် ပြည်သူများက ပူးပေါင်းပါဝင်ပေးကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ YBS 32 ယာဉ်လိုင်းမှာ ယာဉ်စီးခ ခရီးစဉ် အစ၊ အဆုံး ၃၀၀ ကျပ်ဖြစ်ပြီး ရေကြောင်းတက္ကသိုလ်ဂိတ်စမှ ရေကြောင်းလမ်းဆုံ ဖားအောက်၊ ကျိုက်ခေါက်ဘုရား၊ ၁၈ ကုန်းထိပ်၊ အောင်ချမ်းသာ၊ ဆည်မြောင်း၊ သမဝါယမကောလိပ်၊ ကျားဘုရား၊ ဆေးရုံအပေါ်ကွေ့၊ အောက်ကွေ့၊ ပဲခူးစု၊ ဖို့မြေ၊ သန်လျင်မြို့မဈေး၊ မြို့မလမ်း၊ ဒါရိုက်လမ်းဆုံ၊ ရေနံဂိတ်ဝ၊ အောင်သုခမီးပွိုင့်၊ လက်မှတ်ဂိတ်၊ တံတားထိပ်တို့ဖြစ်သည်။ ရန်ကုန်ဘက်ခြမ်းတွင် ဆောက်လုပ်ရေးမှတ်တိုင်၊ ၁၀၈ တောင်ဘုရား၊ သာကေတအဝိုင်း၊ ၈ ဂိတ်၊ မြေနီ၊ ကျောင်းကွေ့၊ အနော်မာ၊ ကျောက်တိုင်၊ သုဝဏ္ဏလမ်းဆုံ၊ သုဝဏ္ဏဘောလုံးကွင်း၊ အသင်းတိုက်၊ ခပ်ချိုးယား၊ ဇဝနလမ်းဆုံ၊ သရက်တော၊ အောင်ရတနာ၊ ၁၄/၁၅ လမ်းဆုံ၊ ပဒေသာ၊ ရုံးရှေ့၊ တောင်ဥက္ကလာစာတိုက်၊ အင်းဝ၊ နန္ဒဝန်ဈေး၊ တကောင်း၊ ကေတုမာလာကွေ့၊ ပင်းယ၊ တပ်ရင်း ၁၆၊ ၄၃၆ မှတ်တိုင်၊ ၄၃၅ မှတ်တိုင်၊ အုတ်ပုံဆိပ်၊ ကျောင်းလမ်း၊ ၂ ဈေး၊ ကျောင်းကွေ့၊ ဘုန်းကြီးလမ်း မယ်လမု၊ ကျောက်ရေတွင်း၊ မြောက်ဥက္ကလာပအဝိုင်း၊ ယဈေး၊ သန္တာ၊ ဝဇီယာ၊ သုနန္ဒာ၊ ဣန္ဒာ၊ ဥဇ္ဇနာ၊ ကန်သာယာ၊ ဧရာ၊ ၆ ကွေ့၊ ဓမ္မာရုံ၊ အောင်မင်္ဂလာအဝေးပြေး၊ အမှတ်(၃)လမ်းဆုံ၊ အလယ်ပေါက်၊ တရားရုံး၊ အိုးအိမ်၊ ညောင်ပင်၊ သယ်န်းကျွန်းကြီး၊ ၁၂ လမ်း၊ ပုလဲအိမ်ရာ၊ ၆ လမ်း၊ ရခိုင်ကျောင်း၊ တံတားဖြူ သုံးသုံးလုံး၊ မှိုရုံ၊ ကျောင်းရှေ့၊ နီလာ၊ ဆိုင်းဘုတ်၊ ဂိတ်ဟောင်း (လန်ဒန်)၊ ရေစက် (ကုန်းတလပေါင်)၊ တပ်ရင်း ၉၊ ဆိုဒ်သစ်၊ ဓားဆိုင်၊ နွယ်ခွေ၊ ၄ ရပ်ကွက်၊ ၁ ရပ်ကွက်၊ ကျောင်းရှေ့၊ လမ်းသစ်၊ ပုပ္ပား၊ ထောက်ကြန့်လမ်းဆုံ၊ အောက်ဂိတ် (အမှတ်(၇)လမ်းမကြီး)၊ မြို့ရှောင်လမ်း (ဂိတ်ဖျား)ထိ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၂၆**

မွန်ပြည်နယ် တရားလွှတ်တော်ရုံးက ကြီးမှူးဖွင့်လှစ်သော ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ဇွန်လ တတိယပတ်က မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက သင်တန်းတွင် အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**၃၀၇**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂၆**

ရန်ကုန်(ရွှေဈေး) ၉၃၅၀၀၀ - ၉၃၅၀၀၀ မန္တလေး(ရွှေဈေး) ၉၃၅၀၀၀ - ၉၃၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၉၅/၉၀၅ ကျပ်၊ | ၉၃၀/၉၄၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၂၅ ကျပ်၊ | ၉၇၅/၉၈၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၇၅ ကျပ်၊ | ၉၁၅/၉၃၃ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၂၀ ကျပ်၊ | ၉၄၀/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၂/၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၉၀/၇၉၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၈၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၅.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၀၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၉၁၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၃.၂၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၂၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၈.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃.၈၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ မြန်ချိုရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား

**နေပြည်တော် ဇွန် ၂၆**
အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

**မီဒီယာများနှင့်တာဝန်ရှိသူများ တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ သံအမတ်ကြီးများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရရှိကြသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းပေးတိုင်ကြားနိုင်**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်များနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အသိပညာပေးဆောင်ရွက်နေမှုများ၊ မူးယစ်ဆေးစွဲသူများအား ကုသရေးနှင့်ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဘိန်းစိုက်ပျိုးသည့်ဒေသများအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ နှစ်သစ်ကူးနှုတ်ခွန်းဆက်ပြောကြားစဉ် မှာကြားချက်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်တိုက်ဖျက်နှိမ်နင်းရေး ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် လုံခြုံစိတ်ချစွာ သတင်းပေးတိုင်ကြားနိုင်မည့် အခြေအနေများကို ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည် ကြည့်ရှုစဉ်။

**(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၄၊ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဝတ္ထုတို၊ ဆောင်းပါးနှင့် တေးသီချင်းပြိုင်ပွဲများတွင် ပထမဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

**မှတ်တမ်းဗီဒီယိုပြသ**

ယင်းနောက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**ဘိန်းစိုက်ဧရိယာများ ဖျက်ဆီးနိုင်ခဲ့**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များအဖြစ် ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၉၅၅၄ မှု၊ တရားခံ ၁၄၀၀၀ ရှိခဲ့ပြီး ပမာဏအနေဖြင့် ဘိန်း ၁၂၅၆ ဒသမ ၁၆၈၆ ကီလို၊ ဘိန်းဖြူ ၅၇၀ ဒသမ ၆၂၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၈၁၅၆၈၆ ပြား၊ ဆေးခြောက် ၁၉၈ ဒသမ ၈၂၆ ကီလို၊ ကိုကင်း ကီလို ၄၅၀၊ ဘိန်းဆီခဲ ၁၄၆ ဒသမ ၃၅၁ ကီလို၊ ကဖင်း ၅၈၈၅ ကီလို၊ ဆူဒိုအက်ဖီဒရင်းပြား ၃၉၀၁၀၀၀၊ အိုက်စ် ၁၁၀၇ ဒသမ ၄၉၁၄ ကီလို၊ ဘိန်းစာမှုန့် ၆၅၁ ဒသမ ၁၂၆၉ ကီလို၊ အက်တက်စီဆေးပြား ၆၄၅၈၈၂ ပြားနှင့် စိတ်ကြွဆေး အကြေမှုန့် ၁၀၆ ဒသမ ၈၈၂၆ ကီလိုတို့ဖြစ်ကြောင်းနှင့် ဘိန်းခင်းများဖျက်ဆီးနိုင်ခဲ့မှုများအနေဖြင့် ၂၀၁၆ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဧပြီ ၃၀ ရက်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၉၇ ဒသမ ၅၀ ဟက်တာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၃၀၂၃ ဒသမ ၅၄ ဟက်တာ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၆၄ ဒသမ ၃၄ ဟက်တာ၊ ကချင်ပြည်နယ်တွင် ၂၈ ဟက်တာ၊ ကယားပြည်နယ်တွင် ၄၇ ဒသမ ၂၀ ဟက်တာ၊ ချင်းပြည်နယ်တွင် ၂၈ ဒသမ ၀၃ ဟက်တာနှင့် မကွေးတိုင်းဒေသကြီးတွင် ၄၇ ဒသမ ၁၃ ဟက်တာ စုစုပေါင်း ဘိန်းစိုက်ဧရိယာ ၃၅၃၅ ဒသမ ၇၄ ဟက်တာကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

# နိုင်ငံရဲ့အနာဂတ်လူငယ်တွေ မူးယစ်ဆေးသုံးစွဲမှု မြင့်တက်လာတာနဲ့အမျှ စာရိတ္တမလှိုင်ယိမ်းယိုင်ပြီး ရာဇဝတ်မှုထူပြောလာ မူးယစ်ကုန်သည်၊ ရောင်းဝယ်ဖောက်ကားသူများကို သတင်းပေးသူများအား ထိုက်ထိုက်တန်တန် ဆုကြေးချီးမြှင့်မည်

နေပြည်တော် ဇွန် ၂၆

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

ဒီကနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနဲ့ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများနဲ့ အခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

၁၉၈၇ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ချိန်ကစပြီး ကမ္ဘာ့နိုင်ငံအသီးသီးနည်းတူ မြန်မာနိုင်ငံမှာလည်း နှစ်စဉ်ကျင်းပလာခဲ့တာ ဒီနှစ်ပါဆိုရင် (၃၁)ကြိမ်ရှိပြီ ဖြစ်ပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ -**

ဒီနေ့ ကမ္ဘာမှာ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းကြရာမှာ နိုင်ငံအစိုးရများရဲ့ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အရင်းအမြစ် ပိုင်ဆိုင်မှု၊ တည်နေရာနဲ့ ပထဝီမြေအနေအထားတို့အပေါ်မှာ အခြေခံပြီး ချဉ်းကပ်မှုပုံစံအမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်နေကြတာကို တွေ့ရှိရပါတယ်။

### ထိခိုက်လှိုက်စားလာ

သို့သော်လည်း မူးယစ်ဆေးဝါးပြဿနာဟာ ပိုမိုရှုပ်ထွေးကြီးမားလာပြီး ပြည်သူလူထုရဲ့ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို အမျိုးမျိုးပျက်သုဉ်းစေသလို နိုင်ငံဖြတ်ကျော်မှုခင်းတွေနဲ့ အကြမ်းဖက်မှုခင်းတွေရဲ့ အကျိုးဆက်ရလဒ်အဖြစ် နယ်မြေတည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လှိုက်စားလာကြောင်း တွေ့ရှိရပါတယ်။

၂၀၁၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အရွယ်မတိုင်ခင်သေဆုံးသူပေါင်း ၁၉၀၀၀၀ (တစ်သိန်းကိုးသောင်း) ကျော်ရှိပြီး မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်တဲ့ HIV ရောဂါ၊ အသည်းရောင်အသားဝါရောဂါနဲ့ TB ရောဂါကူးစက်မှုတွေဟာ မြင့်တက်လာကြောင်း တွေ့ရှိရပါတယ်။

ဂိုဏ်းဖွဲ့ကျူးလွန်သူတွေကလည်း ၎င်းတို့ ငွေကြေးရရှိရေးအတွက် မူးယစ်ဆေးဝါးကို အဓိကလုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိတာကြောင့် တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှု ကျူးလွန်ပုံ ကျူးလွန်နည်းများနဲ့ ပတ်သက်ပြီး နည်းပညာအသုံးချ စုံစမ်းထောက်လှမ်းမှုများနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်လာကြောင်း တွေ့ရှိရပါတယ်။

### ဥပဒေပြဋ္ဌာန်း

ကျွန်တော်တို့နိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့အတွက် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းသုံးခုကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ဒီကွန်ဗင်းရှင်းတွေနဲ့အညီ ဥပဒေတွေ ပြဋ္ဌာန်းပြီးဖြစ်သလို မူးယစ်ဆေးဝါးထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းတွေ ဖွဲ့စည်း၊ စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် ၁၉၇၆ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုလည်း ခေတ်စနစ်နဲ့လျော်ညီအောင် စုစုပေါင်း ခြောက်ကြိမ်ပြင်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိ ဖွဲ့စည်းပုံအရ မူးယစ်ဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၆ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့တွေကိုလည်း အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်တွေ သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြားစဉ်။

**မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒအသစ်အရ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချရေးနဲ့ အစားထိုးဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးအတွက် သုံးစွဲမှုနဲ့ နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းတွေ တိုးမြှင့်ရေးနဲ့ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနဲ့အညီ ဖြစ်စေရေး စတဲ့ ကဏ္ဍပေါင်းစုံ ပါဝင်စေပြီး မူးယစ်ဆေးဝါးပြဿနာ လျှော့ချစေခြင်းအားဖြင့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်။**

### စီမံကိန်းကာလ

ဘိန်းစိုက်တောင်သူတွေရဲ့ ဘဝကယ်တင်နိုင်ရေး၊ တောင်တန်းဒေသနေ တိုင်းရင်းသားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူတွေရဲ့ဘဝ ပြန်လည်ထူထောင်ရေးတို့အတွက် မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်ချမှတ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းတွေကို ငါးနှစ်စီ လေးပိုင်းခွဲပြီးတော့ ဆောင်ရွက်နေတာဖြစ်ပြီး ဒီစီမံကိန်းကာလဟာ ၂၀၁၉ ခုနှစ်မှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးညီလာခံ UNGASS အစည်းအဝေးရဲ့ လုပ်ငန်းအကြံပြုချက်တွေကို အခြေခံတဲ့ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

ဒီ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒအသစ်အရ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချရေးနဲ့ အစားထိုးဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးအတွက် သုံးစွဲမှုနဲ့ နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းတွေ တိုးမြှင့်ရေးနဲ့ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနဲ့အညီ ဖြစ်စေရေး စတဲ့ကဏ္ဍပေါင်းစုံ ပါဝင်စေပြီး မူးယစ်ဆေးဝါးပြဿနာ လျှော့ချစေခြင်းအားဖြင့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်။

ဒီမူဝါဒကို အထောက်အကူဖြစ်စေဖို့အတွက် ၁၉၉၃ ခုနှစ် မူးယစ်ဥပဒေကိုလည်း ပြန်လည်သုံးသပ်ခဲ့ပြီး ပြင်ဆင်တဲ့ ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာ ကွန်ဗင်းရှင်းများနဲ့အညီ ကျွန်တော်တို့ရဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ဖွဲ့စည်းမှုတွေကို စနစ်တကျ စီမံဆောင်ရွက်နေတဲ့အပိုင်းတွေ ဖြစ်ပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ -**

၂၀၁၇ ခုနှစ် UNODC ရဲ့ အစီရင်ခံစာအရ ဘိန်းစိုက်ပျိုးမှုမှာ ၂၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုမှာလည်း ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။

### လမ်းလွှဲမရောက်အောင်

မိမိတို့နိုင်ငံအနေနဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ်မှ စတင်တိုးချဲ့ဖွဲ့စည်းပြီး ဒေသအလိုက် အထူးစစ်ဆင်ရေး ၂၃ ခုကို ၂၀၁၃ ခုနှစ် မေလမှ ၂၀၁၈ ခုနှစ် ယနေ့အချိန်အထိ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်အတွင်း ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါး အမှုပေါင်း ၁၃၆၄၀ ရှိခဲ့ပြီး ကာလတန်ဖိုးမှာ ကျပ်သန်းပေါင်း ၅၂၀၀၀၀ ကျော် ဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဗဟိုအဖွဲ့ရဲ့အောက်မှာ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြည်ပမှ တင်သွင်းလာတဲ့ ဓာတုပစ္စည်းများ လမ်းလွှဲမရောက်အောင်လည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဘိန်းစိုက်ပျိုးရာ ဒေသများမှာ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးနဲ့ စိုက်ပျိုးမြေဖော်ထုတ်ရေး၊ ရေနှင့်စွမ်းအင်ရရှိရေး၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်းနဲ့ သာသနာရေးအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ တစ်ပိုင်တစ်နိုင်သားငါးမွေးမြူရေးနှင့် အစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးတို့ကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ဒါ့ပြင် UNODC နဲ့ ပူးပေါင်းပြီး စိုက်ပျိုးမြေဖော်ထုတ်မှု၊ ကော်ဖီစိုက်ပျိုးသူများ သမဝါယမအသင်းတည်ထောင်မှု၊ သစ်တောများ စိုက်ပျိုးနိုင်ရေး စီမံခန့်ခွဲမှု၊ ကျွန်းစိုက်ခင်းများ ဖော်ထုတ်မှုနဲ့ ဈေးကွက်ဖော်ဆောင်မှုတွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ -**

မူးယစ်ဆေးစွဲနေသူတွေကို ကုသပေးနိုင်ဖို့အတွက် မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၆ ခုနဲ့ ဌာနငယ် ၄၇ ခုတို့ကိုလည်း ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကုသရေးနည်းလမ်းတစ်ခုအဖြစ် မက်သာဒုန်းတိုက်ကျွေးတဲ့ဌာန ၅၁ ခုကိုလည်း မူးယစ်ဆေးဝါးသုံးစွဲမှုများတဲ့ မြို့နယ်များမှာ ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်သလို One Stop Service စနစ်ဖြင့် ဆေးကုသပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

### သင်တန်းများ ပို့ချ

ဒါ့အပြင် မူးယစ်ဆေးဝါးကြောင့် ကူးစက်တတ်သောရောဂါများအန္တရာယ် လျှော့ချရေးလုပ်ငန်းတွေကိုလည်း UNAIDS၊ INGO၊ NGO များနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကုသရေးဝန်ဆောင်မှုပေးသူများရဲ့ စွမ်းဆောင်ရည်နဲ့ ဝန်ဆောင်မှု အရည်အသွေး မြင့်မားရေးအတွက်ကိုလည်း နိုင်ငံတကာနဲ့ ပူးပေါင်းပြီး သင်တန်းများ ပို့ချပေးလျက်ရှိပါတယ်။

ပြန်လည်ထူထောင်ရေးအပိုင်းမှာတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူပြီး ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ဒီစခန်းတွေမှာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြန်လည်ထူထောင်ပြီးသူတွေ လူ့အသိုင်းအဝိုင်းအတွင်းကို ပြန်လည်ရောက်ရှိတဲ့အခါ ဆေးဝါးပြန်လည်မသုံးစွဲစေဖို့အတွက်ကိုလည်း စေတနာ့ဝန်ထမ်းအသင်းများ ဖွဲ့စည်းပြီး နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေဖို့ ကြိုတင်အသိပညာပေးတဲ့အနေနဲ့ မှုခင်းကျဆင်းရေးယာဉ်တွေကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အရောက်သွားပြီး အသိပညာပေးခြင်း၊ နံရံကပ်စာစောင်နဲ့ ဆောင်ပုဒ်များ ဖြန့်ဝေခြင်း၊ ကျောင်းသင်ခန်းစာတွေမှာ ထည့်သွင်းသင်ကြားခြင်း၊ အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများကျင်းပခြင်းနဲ့ ကျောင်းဆရာဆရာမများအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပို့ချခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**အသိပညာပေး**

ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနကလည်း မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူများထံ အသိပညာများ တိုက်ရိုက်ရောက်ရှိစေဖို့ ရည်ရွယ်ပြီး နယ်လှည့်စာကြည့်တိုက်များဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ တစ်ဆင့်လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ သတင်း၊ တေးသီချင်းနဲ့ ဇာတ်လမ်းတွေကို တိုင်းရင်းသားဘာသာစကားမျိုးစုံဖြင့် ထုတ်လွှင့်ပေးခြင်းနဲ့ စာစောင်၊ ဂျာနယ်တို့မှာ ပညာပေးဇာတ်လမ်းများ၊ ဆောင်းပါးများ၊ ကာတွန်းများ ထည့်သွင်းဖော်ပြခြင်း စသည်ဖြင့် အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအပိုင်းအနေနဲ့ ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာ အဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနဲ့လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ -**

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာ ပြုခဲ့တဲ့အချိန်မှာ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းဖို့ ပြောကြားခဲ့သလို မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ချိန်မှာလည်း မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းနိုင်ဖို့အတွက် အဓိက ထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်တဲ့ လက်ကြီးသမားတွေကို ဦးစားပေးနှိမ်နင်းဖို့၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးတွေ ဖောဖောသီသီ ရောင်းဝယ်ဖောက်ကားနေတာတွေကို မသိချင်ယောင်ဆောင်ထားတဲ့၊ သိလျက်နဲ့လွှတ်ထားတဲ့ ဖြစ်စဉ်မျိုးတွေ ဖြစ်လာရင် အဓိကတာဝန်ရှိသူတွေကို ဦးစားပေးပြီး အရေးယူမှုတွေ ပြုလုပ်ဖို့၊ ကွင်းဆက်ပျောက်သွားတဲ့၊ ပိုင်ရှင်မဲ့ ဖြစ်သွားတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမှုတွေကိုလည်း တင်းတင်းကျပ်ကျပ် ကိုင်တွယ်ဖို့၊ မူးယစ်ရဲတွေရဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်မှာလည်း ဆုပေး၊ ဒဏ်ပေးစနစ်ကို ထိထိရောက်ရောက်ဖြစ်အောင် ပြင်ဆင်ပေးဖို့၊ အခြေအနေအရ လိုအပ်ရင် ဗဟိုမှာ လျှပ်တစ်ပြက် ဖမ်းဆီးနိုင်တဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ ထားရှိပြီး ဆောင်ရွက်ဖို့ ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ မေလ ၃၁ ရက်နေ့မှာလည်း ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကို တွေ့ဆုံပြီး အသေးစိတ် မှာကြားခဲ့ပြီး ဖြစ်ပါတယ်။ ဧပြီလ ၁ ရက်နေ့ကနေ ဇွန်လ ၁၉ ရက်နေ့အထိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိတဲ့ အမှုပေါင်း ၂၂၄၁ မှု ရှိခဲ့ပြီးတော့ မူးယစ်တရားခံ စုစုပေါင်း ၃၁၇၅ ဦးကို အရေးယူထားပြီး ဖြစ်ပါတယ်။

**စိတ်မကောင်းဖွယ် ကြားသိရ**

ဘာဖြစ်လို့ ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးပြဿနာကို အလေးထားဦးစားပေးပြီး ဆောင်ရွက်နေရပါသလဲ။ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ တရားဥပဒေစိုးမိုးရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို လှည့်လည်သွားရောက်ခဲ့ချိန်မှာ ကျောင်းသား ကျောင်းသူတွေဟာ ကျောင်းချိန်အတွင်းမှာကိုပဲ မူးယစ်ဆေးဝါးတွေ သုံးစွဲနေကြတာကို စိတ်မကောင်းဖွယ်ရာ ကြားသိတွေ့ရှိခဲ့ရပါတယ်။ စာသင်ကျောင်းတွေမှာတောင် မူးယစ်ဆေးဝါးကို ကျောင်းသားလူငယ်တွေ အဖိုးနည်းနည်းနဲ့ လက်လှမ်းမီ လွယ်လင့်တကူ သုံးစွဲနေကြတဲ့ သတင်းတွေ ကြားသိခဲ့ရပါတယ်။

ဒါဟာ အလွန် ရင်နာစရာကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်၊ ကျွန်တော်တို့နိုင်ငံရဲ့ မျှော်လင့်ချက်တွေဖြစ်တဲ့ ဒီကနေ့ လူငယ်တွေဟာ မူးယစ်ဆေးဝါးတွေကို လွယ်လွယ်ကူကူရရှိပြီး မူးယစ်သားကောင်တွေ ဖြစ်နေကြရတာဟာ တိုင်းပြည်ရဲ့ အနာဂတ်ကို ကျရှုံးမှုနွံတွင်းထဲ တွန်းပို့နေသလိုပဲ ကျွန်တော် ခံစားရပါတယ်။ ဘာဖြစ်လို့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မူးယစ်ဆေးဝါးတွေကို ဒီလိုမျိုး ဖောဖောသီသီ ရရှိနေကြတာလဲ။ ပြန်ကြည့်လိုက်ရင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဒဏ်ကြောင့် တရားဥပဒေစိုးမိုးရေးကို နယ်စပ်ဒေသတွေအထိ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ဖြန့်ကြက်နိုင်ခြင်းမရှိတဲ့အတွက် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့တဲ့ ဒေသတွေမှာ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူနဲ့ စိတ်ကြွဆေးဝါး ထုတ်လုပ်မှုတွေ ခိုင်မာအားကောင်းနေခဲ့ပြီး ထိရောက်စွာ နှိမ်နင်းနိုင်ခြင်း၊ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း လစ်ဟင်းမှုတွေကြောင့်ဖြစ်ပါတယ်။ လွယ်လွယ်ကူကူ ရရှိနိုင်မှုရဲ့ အကျိုးဆက်အနေနဲ့ သုံးစွဲမှုတွေ မြင့်တက်လာနေတာတွေကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရပါတယ်။ လူငယ်လူရွယ်တွေအကြားမှာ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်း မြင့်တက်လာတာနဲ့အမျှ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ပြီး ရာဇဝတ်မှုတွေ ထူပြောလာတာတွေလည်း ဆိုးကျိုးသံသရာ ဖြစ်ပေါ်နေပါတယ်။

> **“ ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေကို လူညွန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းကြဖို့ အထူးပဲအရေးကြီး ”**

မကြာသေးခင်ကပဲ မန္တလေးတိုင်းဒေသကြီးမှာ မူးယစ်ဆေးဝါးတွေ ရောင်းဝယ်ဖောက်ကားနေတဲ့ သတင်းတွေ လူမှုကွန်ရက်ပေါ် ရောက်ရှိပြီး ပျံ့နှံ့လာတဲ့အတွက် တိုင်းဒေသကြီးအစိုးရရဲ့ အစီအစဉ်နဲ့ ဝင်ရောက်ဖမ်းဆီးခဲ့ရပါတယ်။ အဲဒီအနီးနားမှာ နေထိုင်ကြတဲ့ ပြည်သူတွေ မသိကြဘူးလား မေးကြည့်တော့ သိကြပါတယ်။ သူတို့ကို အန္တရာယ်ပြုမှာကို စိုးရိမ်တဲ့အတွက် ဘယ်သူ့ကိုမှ သတင်းမပေးရဲကြဘူးဆိုတာ သိရပါတယ်။ ဒီအချက်ဟာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ရရှိနိုင်ဖို့အတွက် အရေးကြီးတဲ့ အချက်ပေးမှုတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူတွေ၊ သား သမီးတွေရဲ့ မိဘတွေ၊ ကျောင်းသား လူငယ်တွေရဲ့ ဆရာဆရာမတွေအနေနဲ့ မျိုးဆက်သစ်လူငယ်များရဲ့ ရှေ့ရေးမို့ မူးယစ်ဆေးဝါးနှိမ်နင်းရေးကို ကျွန်တော်တို့နဲ့အတူ အလေးအနက်ထားကြဖို့ လိုအပ်ပါတယ်။

**စုပေါင်းနှိမ်နင်း**

ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေကို လူညွန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းကြဖို့ အထူးပဲ အရေးကြီးပါတယ်။ ဒီကနေ့ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို မတိုက်ဖျက်နိုင်ဘူးဆိုရင် နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့အနေအထားဟာ မတွေးဝံ့စရာအခြေအနေကို ဆိုက်ရောက်လာနိုင်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ဖြည်းဖြည်းချင်း ဝါးမျိုပြီး ကျွန်တော်တို့ရဲ့ လူငယ်တွေကို အညွန့်ချိုးနေတဲ့၊ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ အနာဂတ်ကို တစ်စစီ နင်းခြေပစ်နေတဲ့ ဒီမူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့အားလုံး ပြည်သူနဲ့အတူ စုပေါင်းပြီးနှိမ်နင်းကြဖို့ အထူးအလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ -**

ရှေ့ဆက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ -

- မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနဲ့ မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကားမှုတွေ တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံတွေအပါအဝင် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
- မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူတွေအကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့အစည်းတွေအပြင် ကျွန်တော်တို့ရဲ့ ပုဂ္ဂလိကမီဒီယာတွေ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်သွားမှာ ဖြစ်ပါတယ်။

**တိုင်ကြားရန်လိုအပ်**

- မူးယစ်ဆေးဝါး သုံးစွဲသူတွေကို ဆေးကုသပေးဖို့၊ ပြန်လည်ထူထောင်ပေးဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ပြန်လည်ပေါင်းစည်းနိုင်ဖို့ ပရဟိတအဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ကျွန်တော်တို့ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
- ကျွန်တော်တို့ရဲ့ စာသင်ကျောင်းတွေ အနီးအနားမှာ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေ ကင်းစင်စေဖို့၊ ကျွန်တော်တို့ရဲ့ လူငယ်တွေအနီးအနားမှာ မူးယစ်ဆေးဝါးတွေ လက်လှမ်းမီ ရရှိနေတာမျိုး မဖြစ်စေဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေအနေနဲ့ ကျောင်းသား၊ မိဘ၊ ဆရာ ဆရာမတွေအပြင် လူထုအခြေပြု လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။
- တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နဲ့ အောက်ခြေအထိ ဖွဲ့စည်းထားပြီးဖြစ်တဲ့ ဒေသဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့တွေထံသို့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား သယ်ယူပို့ဆောင်ခြင်းနှင့် စပ်လျဉ်းပြီး ပြည်သူများက တိုင်ကြားကြရန် လိုအပ်ပါတယ်။ ဒီအဖွဲ့များရဲ့ ဆောင်ရွက်မှုတွေ၊ အားသာချက်၊ အားနည်းချက်၊ ထိရောက်မှုနဲ့ လိုအပ်ချက်တွေကို ပြန်လည်သုံးသပ်ပြီး ဒေသခံပြည်သူတွေ၊ ဒေသခံလူမှုအဖွဲ့အစည်းတွေ ပါဝင်နိုင်ရေးကို လမ်းဖွင့်ပြီး ပိုပြီးထိရောက်၊ ပိုပြီး ခိုင်မာတဲ့ အပြောင်းအလဲတွေ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။
- အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ဆက်စပ်ပြီးတော့လည်း တိုင်းရင်းသားဒေသတွေမှာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ဒေသဖွံ့ဖြိုးရေးနဲ့ တရားဝင်စီးပွားရေးအခွင့်အလမ်းတွေ ရရှိနိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေ**

- မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းအဆင့်ဆင့်မှာ ပြည်သူတွေရဲ့ ပါဝင်မှုကို မြှင့်တင်နိုင်ဖို့ ဆုငွေချီးမြှင့်ရေးအစီအစဉ်တွေ၊ အကာအကွယ်ပေးရေးအစီအမံတွေ၊ သတင်းအချက်အလက်လုံခြုံရေးစနစ်တွေကို အရှိန်အဟုန် မြှင့်တင်ပြီး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။
- ဒီလို ဆောင်ရွက်ရာမှာ သတင်းပေးသူတွေနဲ့ ပေးပို့လာတဲ့ သတင်းအချက်အလက်တွေရဲ့ လုံခြုံမှုကို အထူးဂရုပြုတဲ့အနေနဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေ၊ ရောင်းဝယ်ဖောက်ကားမှုတွေနဲ့ စပ်လျဉ်းပြီး သတင်းပေးတိုင်ကြားနိုင်မယ့် “မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန” တစ်ခုကို ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတရုံးမှာ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ တိုင်ကြားသူတွေ၊ သတင်းပေးသူတွေအနေနဲ့ ဒီဌာနကို ဆက်သွယ်တိုင်ကြားနိုင်မယ့် ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာတွေကို အမြန်ဆုံး ထုတ်ပြန်ကြေညာပေးမှာ ဖြစ်ပါတယ်။ တိုင်ကြားသူတွေရဲ့ လုံခြုံရေး၊ သတင်းအချက်အလက် မပေါက်ကြားရေးအတွက် လုံခြုံမှုအဆင့်အတန်း သတ်မှတ်ဆောင်ရွက်တဲ့ လုပ်ထုံးလုပ်နည်း တစ်ရပ်ကိုလည်း ချမှတ်ပေးထားပြီး ဖြစ်ပါတယ်။
- မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတွေကို ထိထိရောက်ရောက် ဖော်ထုတ်ပြီး ပြစ်ဒဏ်ချမှတ်နိုင်ဖို့၊ ဒီလို ဖော်ထုတ်ရာမှာလည်း ကွင်းဆက်အားလုံး မပျောက်ပျက်အောင် အဆုံးအထိ စုံစမ်းဖော်ထုတ်နိုင်ဖို့၊ မူးယစ်တိုက်ဖျက်ရေးမှာ သတင်းပေါက်ကြားမှုတွေ မဖြစ်ပေါ်စေအောင် ဗဟိုအဖွဲ့ရဲ့ တိုက်ရိုက်ကွပ်ကဲကြီးကြပ်မှုအောက်မှာ “မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးအဖွဲ့” ကို သီးခြားဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။

**ထိုက်ထိုက်တန်တန် ချီးမြှင့်မည်**

- သတင်းပေးတိုင်ကြားသူတွေ ပေးပို့လာတဲ့ သတင်းအချက်အလက်တွေကိုအခြေခံပြီး ဗဟိုမှာ ဖွဲ့စည်းထားတဲ့ အထူးအဖွဲ့ကို စေလွှတ်သွားမှာဖြစ်ပါတယ်။ အထူးအဖွဲ့ရဲ့ လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်မှန်သမျှ ပေါက်ကြားခြင်းမရှိအောင်၊ အချိန်တိုတိုအတွင်း လျင်လျင်မြန်မြန် ဖြန့်ကြက်ပြီး လျှပ်တစ်ပြက် သွားရောက်ဖမ်းဆီးနိုင်အောင် အမိန့်ပေးကွပ်ကဲမှုလမ်းကြောင်းကို အတိုဆုံးဖြစ်အောင် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားရှိပြီးလည်း ဖြစ်ပါတယ်။
- သတင်းပေးတိုင်ကြားသူတွေရဲ့ တိုင်ကြားမှု၊ ဗဟိုမှာ ဖွဲ့စည်းထားတဲ့ အထူးအဖွဲ့ရဲ့ ဖော်ထုတ်ဖမ်းဆီးမှုတွေကြောင့် ဖော်ထုတ်အရေးယူမှုတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်တဲ့အချိန်မှာ မူးယစ်ကုန်သည်တွေ၊ ရောင်းဝယ်ဖောက်ကားသူတွေရဲ့ တရားမဝင် ပိုင်ဆိုင်မှုတွေကို သတင်းပေးတိုင်ကြားသူ၊ လက်ရဖမ်းဆီးသူတွေကို နိုင်ငံတော်အစိုးရက သင့်တင့်လျောက်ပတ်တဲ့ အချိုးအစားနဲ့ ပြန်လည်ခွဲဝေပေးမှာဖြစ်ပါတယ်။ သတင်းပေးတိုင်ကြားသူတွေကို ထိုက်ထိုက်တန်တန်ဆုကြေးချီးမြှင့်ပေးရာမှာ သူတို့ရဲ့လုံခြုံရေးကို အထူးဂရုပြုတဲ့အနေနဲ့ သတင်းထုတ်ပြန်ခြင်း ပြုလုပ်မှာမဟုတ်သလို နိုင်ငံတော်ရဲ့ ချီးမြှင့်ငွေဖြစ်တဲ့အတွက် အခွန်ကင်းလွတ်ခွင့် အထူးအခွင့်အရေးကိုလည်း ပေးအပ်သွားမှာ ဖြစ်ပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ -**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ဒီနေ့ အခမ်းအနားကို ကြွရောက်ချီးမြှင့်ကြတဲ့ ဧည့်သည်တော်များ၊ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ဝတ္ထုတို၊ ဆောင်းပါး စတဲ့ ပြိုင်ပွဲများမှာ အကဲဖြတ်ပေးကြတဲ့ အနုပညာ နယ်ပယ်အသီးသီးက ပညာရှင်ကြီးများနဲ့ ဒီနေ့အခမ်းအနား တက်ရောက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်တဲ့ "Listen FIRST" ဆိုတဲ့အတိုင်း ကျွန်တော်တို့ မိသားစုတိုင်းအနေနဲ့ မိမိတို့ကလေးသူငယ်များရဲ့ ခံစားချက်တွေကို ဦးစွာနားထောင်ပေးပြီး သူတို့လေးတွေရဲ့ စာရိတ္တမဏ္ဍိုင် ခိုင်မာဖို့၊ အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ ကျန်းမာဖို့နဲ့ ဘေးကင်းလုံခြုံဖို့အတွက် ကိုယ်စီတာဝန်ရှိတယ်ဆိုတဲ့ အသိနဲ့ စီမံဆောင်ရွက်ပေးကြပါ၊ ဝိုင်းဝန်းပံ့ပိုးကူညီပေးကြပါလို့ အလေးအနက် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

## ✪ နိုင်ငံတော်သမ္မတမှ

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ၏ သိမ်းဆည်းခံရသည့် လယ်ယာခြံမြေများအပေါ် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးကြရန်၊ စွန့်လွှတ်ရန် မဖြစ်နိုင်သည့် သိမ်းဆည်းခံ လယ်ယာခြံမြေများအတွက် လျော်ကြေး၊ နစ်နာကြေးပေးကြရန်၊ စွန့်လွှတ်မြေများကို အမြန်ဆုံး ပြန်လည်အပ်နှံပေးနိုင်ရေး၊ အမည်ပေါက်ရရှိစေရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်၊ ပြန်လည်စွန့်လွှတ်မြေများအား မသက်ဆိုင်သူ လက်ဝယ်သို့ ရောက်ရှိခြင်းမရှိစေဘဲ သက်ဆိုင်သူ တောင်သူများထံသို့သာ အမြန်ဆုံး ရောက်ရှိစေရေး စိစစ်ပေးကြရန်၊ စွန့်လွှတ်မြေများပေါ်တွင် ကျူးကျော်များ ဝင်ရောက်နေမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပေးကြရန်၊ နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် သိမ်းဆည်းမြေများကို နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ မှန်ကန်စွာ စီမံခန့်ခွဲပေးကြရန်တို့ကို ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များက လိုအပ်သည်ထက် အချိန်ဆွဲဖြေရှင်းခြင်း မပြုကြဘဲ အမြန်ဆုံးပြီးစီးအောင် အားသွန်ခွန်စိုက် စီမံခန့်ခွဲ ဆောင်ရွက်ပေးကြရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြင်ဆင်ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက်ပါအတိုင်း သိရှိလိုက်နာဆောင်ရွက်သွားရန်အတွက် ဗဟိုကော်မတီဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ ဖြန့်ဝေပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဥက္ကဋ္ဌများအနေဖြင့် အောက်ခြေမှ စိစစ်တွေ့ရှိချက်များနှင့် မြေပြင်ပကတိအခြေအနေ ကွဲလွဲမှု မရှိစေရေးအတွက် ကွင်းဆင်းစိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများအား အဖွဲ့ဖွဲ့၍ တာဝန်ပေးအပ်သွားရန် လိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် သိမ်းဆည်းမြေဆိုင်ရာလုပ်ငန်းစိစစ်ရေးအဖွဲ့ အဖွဲ့(၁)၊ အဖွဲ့(၂)၊ အဖွဲ့(၃)နှင့် အဖွဲ့(၄)တို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကွင်းဆင်းဆောင်ရွက်ခဲ့မှု၊ စိစစ်ဆောင်ရွက်ပြီးစီးမှု၊ စိစစ်ဆဲ၊ စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံ ပေးအပ်ပြီးစီးမှု၊ စွန့်လွှတ်မြေနှင့်ပေးလျော်ခဲ့မှု၊ နစ်နာမှုတိုင်ချက်များကို မြေပြင်ကွင်းဆင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့မှု၊ သိမ်းဆည်းခံရသော လယ်ယာမြေနှင့် အခြားမြေများကို ပြန်လည်စွန့်လွှတ်ခြင်းမရှိသည့် အကြောင်းအရင်းများနှင့် သိမ်းဆည်းမြေဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### အခက်အခဲများဆွေးနွေး

ဆက်လက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ချမှတ်ထားသည့် ဆောင်ရွက်ရန်အချက်များ၊ ကော်မတီများသို့ပေးပို့ထားသည့် အမှုတွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ပြီးစီးမှု၊ အမှုတွဲများပိတ်သိမ်းမှု၊ တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်မှု၊ စွန့်လွှတ်မြေများမှ သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်မှု၊ ပြန်လည်လွှဲပြောင်းပေးရန် ကျန်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့က ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြန်လည်သုံးသပ်ဆွေးနွေးကာ ဆုံးဖြတ်ချက်များချမှတ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

"လုံခြုံစိတ်ချ - သတင်းပေးကြ"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈)ဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့် တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့်အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

---

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်

၁။ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်မည်။

၂။ မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများအပြင် ပုဂ္ဂလိကမီဒီယာများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်။

၃။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးရန်၊ ပြန်လည်ထူထောင်ပေးရန်၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန် ပရဟိတအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်မည်။

၄။ စာသင်ကျောင်းများအနီး၊ လူငယ်များအနီးတွင် မူးယစ်ဆေးကင်းစင်ရန် **တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ**သည် ကျောင်းသား၊ မိဘ၊ ဆရာများအပြင် လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်မြို့နယ်နှင့် အောက်ခြေအထိ ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့များ၏ ဖွဲ့စည်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်၊ ထိရောက်မှုနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး **ပိုမိုထိရောက်၊ ခိုင်မာသည့် အပြောင်းအလဲများ** ဆောင်ရွက်မည်။

၆။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆက်စပ်ပြီး **တိုင်းရင်းသားဒေသများ**တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး ဒေသဖွံ့ဖြိုးရေးနှင့် တရားဝင်စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ မူးယစ်ဆေးဝါးထုတ်လုပ်မှု ရောင်းဝယ်ဖောက်ကားမှုများကို လုံခြုံစွာ သတင်းပေးတိုင်ကြားနိုင်မည့် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**ကို နိုင်ငံတော်သမ္မတရုံးတွင် ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ဆက်သွယ်တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာများကို အမြန်ဆုံး ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တိုင်ကြားသူများ၏ လုံခြုံရေး၊ သတင်းအချက်အလက် မပေါက်ကြားရေးအတွက် လုံခြုံမှုအဆင့်အတန်းသတ်မှတ်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်း ချမှတ်ပေးထားပြီးဖြစ်သည်။

၈။ ဗဟိုအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲကြပ်မတ်မှုအောက်တွင် **“မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့”**ကို သီးခြားဖွဲ့စည်းထားရှိပြီးဖြစ်ကာ သတင်းပေးတိုင်ကြားချက်များကို အခြေခံပြီး အထူးအဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ပြီး အမိန့်ပေးကွပ်ကဲမှုလမ်းကြောင်း အတိုဆုံးဖြစ်အောင် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။

၉။ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားသူများ၏ တရားမဝင်ပိုင်ဆိုင်မှုများကို သတင်းပေးတိုင်ကြားသူ၊ လက်ရဖမ်းဆီးသူနှင့် နိုင်ငံတော်အစိုးရ သင့်တင့်သော အချိုးအစားဖြင့် ခွဲဝေပေးမည်ဖြစ်ကာ **သတင်းပေးတိုင်ကြားသူများ၏ လုံခြုံရေး**အတွက် သတင်းထုတ်ပြန်ခြင်းပြုလုပ်မည်မဟုတ်သလို နိုင်ငံတော်၏ ချီးမြှင့်ငွေဖြစ်သည့်အတွက် အခွန်ကင်းလွတ်ခွင့်ပေးအပ်မည်။

---

# မြဝတီခရိုင်၌ ယခုနှစ် ဇန်နဝါရီမှ ဇွန် ၂၃ ရက်အထိ မူးယစ်ဆေးဝါးတရားခံ ၁၀၄ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့

**မြဝတီ ဇွန် ၂၆**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီခရိုင်အတွင်း ယခုနှစ် ဇန်နဝါရီလမှ ဇွန် ၂၃ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၃၆၅ ပြား၊ အိုက်(စ်) ၁ ဒသမ ၀၁၁ ကီလို၊ ဆေးခြောက် ၂၀၅ ဒသမ ၈၁ ဂရမ်နှင့် တရားခံ အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၁၀၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် မြဝတီခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ လူပုဂ္ဂိုလ်များ၊ အလှူငွေ ပေးအပ်လှူဒါန်းခဲ့သည့် အလှူရှင်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲများတွင် ကာတွန်းပြိုင်ပွဲဝင် ၃၉ ဦး၊ ပန်းချီ ၆၈ ဦး၊ ပိုစတာ ၂၈ ဦး၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ ၁၃ ဦး၊ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ တက်ရောက်လာသူများက အခမ်းအနားတွင် ပြသထားသည့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးပြခန်းများအား ကြည့်ရှုလေ့လာကြသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေးဝါးအသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် မူးယစ်ဆေးဝါး အသိပညာပေးဓာတ်ပုံပြခန်းများ ပြသခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

---

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းမ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်က အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အေးက မူးယစ်ဆေးဝါးဆိုင်ရာ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်း၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က မူးယစ်ဆေးဝါးကို ဝိုင်းဝန်း၍ တားဆီးကာကွယ်ကြရမည့်အကြောင်းနှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဘိုကြည်က မူးယစ်ဆေးဝါးအန္တရာယ် သိကောင်းစရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# သိမ်းဆည်းမြေများကို လိုအပ်တာထက် အချိန်ဆွဲဖြေရှင်းခြင်းမပြုကြဘဲ အမြန်ဆုံးပြီးစီးအောင် အားသွန်ခွန်စိုက် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန် အထူးလိုအပ်

နေပြည်တော်   ဇွန်   ၂၆

**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များနဲ့ ဌာနဆိုင်ရာပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ပြန်လည်ပေးအပ်နိုင်ရန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ လယ်ယာကဏ္ဍနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေကြရပါတယ်။ ဒီတောင်သူလယ်သမားများရဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ လယ်ယာမြေများအား ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီးနောက် ဥပဒေမဲ့ သိမ်းဆည်းခံရမှုများနဲ့ ပတ်သက်ပြီး စီမံကိန်းများလုပ်ကိုင်မှုမရှိခြင်း၊ ဆက်လက်ဆောင်ရွက်မှု မရှိခြင်း၊ အောင်မြင်မှုမရှိခြင်းတို့ကြောင့် လည်းကောင်း၊ ဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ခြင်းမရှိတဲ့အပြင် လက်ရှိတွင် အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အသုံးပြုမှုမရှိခြင်းကြောင့် လည်းကောင်း၊ လိုအပ်သည်ထက် ပိုမိုသိမ်းဆည်းထားခြင်းကြောင့် လည်းကောင်း၊ သိမ်းဆည်းစဉ်က ရည်ရွယ်ချက်နှင့်အညီ အသုံးချမှုမရှိခြင်းကြောင့်လည်းကောင်း လယ်ယာကဏ္ဍ ပိုမိုကောင်းမွန်တိုးတက်စေရေး၊ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးတို့အတွက် သိမ်းဆည်းခံမြေများအား သိမ်းဆည်းခံတောင်သူလယ်သမားများသို့ ပြန်လည်ပေးအပ်နိုင်ရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို နိုင်ငံတော်အစိုးရဖွဲ့စည်းပြီးနောက် ၂၀၁၆ ခုနှစ် မေလကတည်းက ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါတယ်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ဗဟိုကော်မတီအနေနဲ့လည်း နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး သိမ်းဆည်းမြေများအပေါ် စိစစ်ဆောင်ရွက်ပေးနိုင်ရန် မူဝါဒ၊ လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် မြေပြင်တွင် တွေ့ကြုံရသော လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများကို တရားနည်းလမ်းတကျ ပိုမိုဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ လမ်းညွှန်ချက်များနဲ့အညီ မူဝါဒ၊ လုပ်ငန်းစဉ်များအား ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်အရ မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက် ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့် အစိုးရသစ်ရဲ့(၂)နှစ်တာကာလအတွင်း တိုင်ကြားစာများအား စိစစ်ဆောင်ရွက်မှု အားနည်းနေပြီး ပြန်လည်စွန့်လွှတ်မြေများကိုလည်း မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ရန်မှာ နှောင့်နှေးကြန့်ကြာလျက်ရှိနေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရက ပြန်လည်စွန့်လွှတ်ပေးမှုအချို့ရှိခဲ့သော်လည်း သိမ်းဆည်းခံရတဲ့ တောင်သူလယ်သမားများမှာ ပေးကားပေး၏ မရ ဖြစ်နေကြပါတယ်။

**ထိထိရောက်ရောက် တွန်းအားပေး**

ဒါကြောင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မတီအဆင့်မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေကြတဲ့ ဝန်ကြီးချုပ်များအနေနဲ့ ယခုထက် တိုးတက် ဆောင်ရွက်နိုင်မယ့် အခြေအနေရောက်အောင် ထိထိရောက်ရောက် တွန်းအားပေး ဆောင်ရွက်ပေးသွားကြရန်ဖြစ်ပါတယ်။ အလားတူ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မတီအဆင့်ဆင့်ကိုလည်း ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ်များအား ပိုင်နိုင်စွာ လေ့လာမှတ်သားစေပြီး ကြပ်မတ်ဆောင်ရွက်သွားကြရန်လည်း တာဝန်ရှိပါတယ်။

**အထူးတာဝန်ရှိ**

ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနဲ့ ပတ်သက်ပြီး ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယသမ္မတ(၂)က နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လစဉ်တင်ပြလျက်ရှိရာမှာ တိုင်ကြားစာ စိစစ်ချက်များတွင် အသုံးပြုရန်လိုအပ်ချက်အရ မစွန့်လွှတ်သည့် ကိစ္စရပ်များပေါ်တွင် ချမှတ်ထားသော မူဝါဒများနှင့် ကိုက်ညီမှုရှိ၊ မရှိ အသေးစိတ် စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ သိမ်းဆည်းပြီးကတည်းက ယခုအချိန်ထိ အသုံးပြုခဲ့ခြင်းမရှိဘဲ နောင်တွင် အသုံးပြုရန်ရှိနေသည်၊ လုပ်ငန်းဆောင်ရွက်ရန်ရှိနေသည်ဟုဆိုတာ မူဝါဒနှင့် ဆန့်ကျင်နေသဖြင့် လုံးဝမဖြစ်သင့်ပါ။ ဒါကြောင့် နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်များနှင့်အညီ အလေးထားလိုက်နာကာ စိစစ်ဆောင်ရွက်သွားကြရန် လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ မူဝါဒများကို ပီပီပြင်ပြင် အကောင်အထည်ဖော်ပေးကြရန် အထူးတာဝန်ရှိကြပါတယ်။

နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့တဲ့ မတ်လ ၃၀ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဦးစားပေးဆောင်ရွက်သွားမယ့် ရည်မှန်းချက်ပန်းတိုင်မှာ ဥပဒေမဲ့ သိမ်းဆည်းထားတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ဖို့ဆိုပြီး ကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်တာကြောင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ရဲ့ စိစစ်တွေ့ရှိချက်၊ သဘောထားမှတ်ချက်များအပေါ် အခြေခံကာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန် လိုအပ်ပါတယ်။ ဗဟိုကော်မတီ အနေနဲ့လည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ရဲ့ သဘောထားရယူပြီး မြန်မြန်ဆန်ဆန် ဆုံးဖြတ်ပေးသွားရန် လိုအပ်ပါတယ်။ စွန့်လွှတ်မြေများနဲ့ ပတ်သက်လို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံသွားရန်နဲ့ မစွန့်လွှတ်ရသေးတဲ့ သိမ်းဆည်းမြေများအပေါ် ကော်မတီအဆင့်ဆင့်က ထိထိရောက်ရောက် အမြန်ဆုံးစိစစ်ပေးကြရန် လိုအပ်ပါတယ်။

**လိုအပ်သလို အရေးယူ**

သိမ်းဆည်းခံမြေများအား သက်ဆိုင်ရာကော်မတီအသီးသီးက ပြန်လည်စိစစ်ရာမှာ အဆင်ပြေချောမွေ့မှု မရှိစေရန် အဟန့်အတားဖြစ်စေတဲ့၊ စွန့်လွှတ်ပြီး မြေများအား အပ်နှံပေးရန် အနှောင့်အယှက်ဖြစ်စေတဲ့၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပြီးသော်လည်း ယာယီလွှဲပြောင်းပေးရန် အခက်အခဲလုပ်နေတဲ့၊ အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိစေရန် အကျပ်အတည်းဖြစ်စေတဲ့ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း လိုအပ်သလို အရေးယူကြရန် ဖြစ်ပါတယ်။

**အချိန်ဆွဲဖြေရှင်းခြင်း မပြုရန်**

နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများရဲ့ သိမ်းဆည်းခံရတဲ့ လယ်ယာခြံမြေများအပေါ် နိုင်ငံတော်ရဲ့မူဝါဒနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးကြရန်၊ စွန့်လွှတ်ရန်မဖြစ်နိုင်တဲ့ သိမ်းဆည်းခံလယ်ယာခြံမြေများအတွက် လျော်ကြေး၊ နစ်နာကြေးပေးကြရန်၊ စွန့်လွှတ်မြေများကို အမြန်ဆုံးပြန်လည်အပ်နှံပေးနိုင်ရေး၊ အမည်ပေါက်ရရှိစေရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်၊ ပြန်လည်စွန့်လွှတ်မြေများအား မသက်ဆိုင်သူ လက်ဝယ်သို့ရောက်ရှိခြင်းမရှိစေဘဲ သက်ဆိုင်သူ တောင်သူများထံသို့သာ အမြန်ဆုံးရောက်ရှိစေရေး စိစစ်ပေးကြရန်၊ စွန့်လွှတ်မြေများပေါ်တွင် ကျူးကျော်များဝင်ရောက်နေမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပေးကြရန်၊ နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် သိမ်းဆည်းမြေများကို နိုင်ငံတော်က ချမှတ်ထားတဲ့မူဝါဒ၊ လုပ်ငန်းစဉ်များနဲ့အညီ မှန်ကန်စွာ စီမံခန့်ခွဲပေးကြရန်တို့ကို ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြတဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များက လိုအပ်တာထက် အချိန်ဆွဲဖြေရှင်းခြင်းမပြုကြဘဲ အမြန်ဆုံးပြီးစီးအောင် အားသွန်ခွန်စိုက် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန် အထူးလိုအပ်ကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

> “ သိမ်းဆည်းခံမြေများအား သက်ဆိုင်ရာကော်မတီအသီးသီးက ပြန်လည်စိစစ်ရာမှာ အဆင်ပြေချောမွေ့မှုမရှိစေရန် အဟန့်အတားဖြစ်စေတဲ့၊ စွန့်လွှတ်ပြီး မြေများအား အပ်နှံပေးရန် အနှောင့်အယှက်ဖြစ်စေတဲ့၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပြီးသော်လည်း ယာယီလွှဲပြောင်းပေးရန် အခက်အခဲလုပ်နေတဲ့၊ အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိစေရန် အကျပ်အတည်းဖြစ်စေတဲ့ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း လိုအပ်သလို အရေးယူကြရန် ဖြစ်ပါတယ် ”

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် UNHCR ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် United Nations High Commissioner for Refugees (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် UNHCR ၏ အာရှပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Indrika Ratwatte မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်ကိစ္စ၊ မြန်မာအစိုးရ UNHCR နှင့် UNDP တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများ ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စ၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအကြား သဟဇာတဖြစ်ရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးအတွက် အထောက်အကူပြုစေမည့် ရှေ့ပြေးစီမံချက်များ စတင်အကောင်အထည်ဖော်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် National Democratic Institute ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် National Democratic Institute (NDI) ဥက္ကဋ္ဌ Mr. Kenneth Wollack အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲမှုတွင် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာစေရေးအတွက် ကူညီဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် အကူအညီပေးနေမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၂၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ရောက်ရှိကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်အဖွဲ့ဝင် Mr. Dan Zhu Ang Ben နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပေကျင်းမြို့ Zhongguancun ရှိ Creation of a small town ကို သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လုပ်ငန်းသစ်ဖော်ဆောင်မှုကိစ္စရပ်များနှင့် ဓာတ်မြေဩဇာအသုံးမပြုဘဲ သဘာဝစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ Huawei ပေကျင်းပြခန်းကို သွားရောက်လေ့လာရာ Huawei ကုမ္ပဏီမှ တာဝန်ရှိသူများက ICT နည်းပညာများဖြင့် မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထောက်ပံ့ပေးနိုင်မှုများ၊ ဆက်သွယ်ရေးပိုင်း၊ လျှပ်စစ်မီးလိုင်းများနှင့် ပတ်သက်၍ ပံ့ပိုးပေးနိုင်မှုများကို ရှင်းလင်းပြသကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး (Great Wall)ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E.Mr. Wang Zhengwei နှင့်တွေ့ဆုံ ဆွေးနွေးသည်။

ထို့နောက် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီးသို့ သွားရောက်လေ့လာကြစဉ်။**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ အီတလီ သံအမတ်ကြီးနှင့် NDI ဥက္ကဋ္ဌတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Mr.Pier Giorgio Aliberti **(ယာပုံ)**အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11)၌လည်းကောင်း၊ အမေရိကန်နိုင်ငံ အခြေစိုက် National Democratic Institute(NDI) ၏ ဥက္ကဋ္ဌ H.E.Mr. Kenneth Wollack နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ရေးရာ ဆောင်အမှတ် (I-1)၌လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်**

အီတလီနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအပေါ် ဆက်လက်အကူအညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

NDI ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌက NDI အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် များစွာ ကူညီပေးခဲ့ပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အောင်မြင်ဖို့ဆိုပါက မှန်ကန်သည့် အမြင်များ၊ အကူအညီများနှင့် အကြံဉာဏ်များကို ဆက်လက်ပေးအပ်သွားရန် လိုအပ်ပါကြောင်း၊ ရခိုင်အရေးကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအပေါ် တစ်နည်းမဟုတ် တစ်နည်း ထိခိုက်နစ်နာမှုရှိသည်ကို သတိပြုသင့်ပါကြောင်း၊ ရခိုင်ပြည်နယ်၏သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် အခြားပါဝင်နေသည့် အင်အားစုများကို သေချာစွာနားလည်ပြီး ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးသင့်ပါကြောင်း၊ ရခိုင်အရေး အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် လွန်စွာအရေးကြီးပါကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကြည်သာ၊ ဦးညီထွန်း၊ ဒေါက်တာဒေါ်သီတာဦးနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးမြင့်ဆွေ ဇင်ဘာဘွေနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၇**

ဇင်ဘာဘွေသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၈ ခုနှစ် ဇွန် ၁၉ ရက်တွင် ဟာရာရေးမြို့၌ ဇင်ဘာဘွေသမ္မတနိုင်ငံသမ္မတ အယ်မာဆန် ဒမ်ဘူဇို နန်ဂါဂွါထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဒေါ်အိအိခင်ဇေ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၇**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်အိအိခင်ဇေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ဒီလီမြို့၌ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဖရန်စစ္စကို ဂူတာရက်စ် လူအိုလိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**ကြေးမုံ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ရေတပ်စခန်းဌာနချုပ်များအား ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၂၆**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပတ္တရားမြို့ရှိ ထိုင်းဘုရင့်တပ်မတော် ရေတပ်စခန်းဌာနချုပ်များနှင့် မရိန်းတပ်ဌာနချုပ်တို့အား သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Royal Thai Navy SEALS ဌာနချုပ်သို့ရောက်ရှိပြီး King Taksin ရုပ်တုအား ပန်းခွေချ အလေးပြုကာ Navy SEALS တပ်ဖွဲ့ဝင်များအသုံးပြုသည့် လက်နက်များ၊ ချပ်ဝတ်တန်ဆာများနှင့် စစ်ရေယာဉ်များအား ကြည့်ရှုကြသည်။ ယင်းနောက် စစ်ရေယာဉ်ဖြင့် ပင်လယ်အတွင်း လိုက်ပါစီးနင်းကြပြီး Royal Thai Navy SEALS တပ်ဖွဲ့ဝင်များ၏ စစ်ရေယာဉ်များ သရုပ်ပြမောင်းနှင်မှုကို ကြည့်ရှုကြသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Royal Thai Navy SEALS တပ်ဖွဲ့ဝင်များ၏ စစ်ရေယာဉ်များ သရုပ်ပြမောင်းနှင်မှုကို ကြည့်ရှုကြစဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Royal Thai Navy Fleet ဌာနချုပ်သို့ ရောက်ရှိပြီး ကမ်းခြေစောင့်ကင်းထောက်ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် မရိန်းတပ်ဖွဲ့ဌာနချုပ် (Royal Thai Marine Corps) သို့ ရောက်ရှိပြီး ထိုင်းဘုရင့်ရေတပ်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Royal Thai Marine Corps Monument တွင် ပန်းခွေချ အလေးပြုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့် မရိန်းတပ်ဖွဲ့ဌာနချုပ်မှူးတို့သည် ထိုင်းဘုရင့် မရိန်းတပ်ဖွဲ့ဌာနချုပ် ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ ရေတပ်ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် မရိန်းတပ်ဖွဲ့ဝင်များက ကမ်းတက်စီးနင်းတိုက်ခိုက်မှု စွမ်းရည်သရုပ်ပြသခြင်းနှင့် မိုင်းရှာခွေးများနှင့် မိုင်းရှာခြင်း သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် မရိန်းတပ်ဖွဲ့ ပြတိုက်အတွင်း ပြသထားသည့် ထိုင်းဘုရင့် မရိန်းတပ်ဖွဲ့ ပေါ်ပေါက်လာပုံသမိုင်း၊ အသုံးပြုခဲ့သည့် ချပ်ဝတ်တန်ဆာများနှင့် လက်နက်ပစ္စည်းများအား ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်အမှတ် (၇/၂၀၁၈) ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

**သွားရောက်ကြည့်ရှု**

ယင်းသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့သည် ကချင်ပြည်နယ်ရှိ မိုးကောင်းမြို့နယ် လမ်းခွရွာရှိ နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း(ကေဘီစီ)၊ ရိုမန်ကက်သလစ်ခရစ်ယာန်ဘုရားကျောင်း(အာစီ)၊ ဧဝံဂေလိ ခရစ်ယာန်ဘုရားကျောင်း(အေဂျီ) နှင့် မိုးကောင်းမြို့ဦးရှိ တိုက်ပွဲရှောင်စခန်းများ၊ ကာမိုင်းမြို့နယ်ရှိလဝါးနှင့် လိုင်နောင်းရိုမန်ကက်သလစ်ခရစ်ယာန် ဘုရားကျောင်း (အာစီ) တိုက်ပွဲရှောင်စခန်းများကို ဇွန် ၂၁ ရက်တွင်လည်းကောင်း၊ မြစ်ကြီးနားမြို့နယ်ရှိ ဂျော်မဆပ်၊ တန်ဖရဲနှင့် တြီနီတီတိုက်ပွဲရှောင်စခန်းများ၊ ဝိုင်းမော်မြို့နယ်ရှိ ဝိုင်းမော်ဇုန် နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းရှိ တိုက်ပွဲရှောင်စခန်းကို ဇွန် ၂၂ ရက်တွင်လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ပါကြောင်း။

တိုက်ပွဲရှောင်ကျေးရွာသူ ကျေးရွာသားများသည် ၎င်းတို့ကျေးရွာအနီးသို့ လက်နက်ကြီးဖုံးများ ကျရောက်ပေါက်ကွဲသဖြင့် ၎င်းတို့အားထိမှန်မည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းနှင့်အချို့မှာ ၎င်းတို့၏ ကျေးရွာအနီးဝန်းကျင်တွင် နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများ ထိတွေ့ပစ်ခတ်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းတို့ကြောင့် တောတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်ဟု သိရှိရပါကြောင်း။

**ပစ္စည်းများ ပျောက်ဆုံး**

တိုက်ပွဲရှောင်ကျေးရွာသူ ကျေးရွာသားများသည် ထွက်ပြေးလာသည့် လမ်းတစ်လျှောက်တွင် ရိက္ခာနှင့် သောက်သုံးရေခက်ခဲခြင်း၊ ဖျားနာခြင်းနှင့် ဝမ်းလျှောခြင်းများအတွက် ဆေးဝါးမရှိခြင်း၊ အမိုးအကာပစ္စည်းလုံလောက်စွာ မပါရှိခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အာဟာရပြတ်၍ လမ်းမလျှောက်နိုင်တော့သဖြင့် ထမ်းပိုးသယ်ဆောင်ကြရခြင်း၊ ကိုယ်ဝန်ဆောင်မိခင်အချို့ တောတွင်း၌ မီးဖွားရခြင်း၊ အချို့မွေးကင်းစ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးခဲ့ရခြင်းများ ကြုံတွေ့ခဲ့ကြရသည်ဟု သိရှိရပါကြောင်း။

ထို့ပြင် ၎င်းတို့သည် တောတွင်း၌ ပုန်းအောင်းနေစဉ် ရိက္ခာပြတ်လပ်သဖြင့် မူလ ကျေးရွာများသို့ပြန်၍ ရိက္ခာသွားယူကြသည့် ရွာသားများသည် ၎င်းတို့၏ နေအိမ်များ ပျက်စီးခြင်း၊ အိမ်ထောင် ပရိဘောဂများနှင့် မိသားစုအသုံးအဆောင် ပစ္စည်းများ ပျောက်ဆုံးပျက်စီးခြင်း၊ အိမ်မွေးတိရစ္ဆာန်များ ပျောက်ဆုံးခြင်းများကို တွေ့မြင်ခဲ့ကြရသည်ဟု ရွာသားများက ပြောကြားကြပါကြောင်း။

**အခက်အခဲများ ကြုံတွေ့**

ကော်မရှင်ကြည့်ရှုလေ့လာရေးအဖွဲ့က သွားရောက်လေ့လာခဲ့သော တိုက်ပွဲရှောင်စခန်းအများစုတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရပြီး ဆောက်လုပ်လှူဒါန်းထားသည့် ယာယီတဲများမှာ လူဦးရေနှင့် မမျှတသည့်အပြင် မိသားစုတစ်စုနှင့်တစ်စုအကြား အကာအရံလုံလုံမရှိသဖြင့် ရေရှည်တွင် မလိုလားအပ်သော လူမှုရေးပြဿနာများ၊ ကူးစက်ရောဂါများ ဖြစ်ပေါ်နိုင်ခြင်း၊ သန့်ရှင်းသောသောက်ရေသန့်မရရှိခြင်းနှင့် ချိုးရေမသန့်ရှင်းခြင်း၊ မိသားစုလိုက် ချက်ပြုတ်စားသောက်ခွင့်ရရှိသောစခန်းများတွင် မီးဖိုနှင့်အိပ်ဆောင်များ အလွန်နီးကပ်နေသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ဆောက်လုပ်ထားသည့် အိမ်သာနှင့် လူဦးရေလုံလောက်မျှတမှုမရှိခြင်း၊ တိုက်ပွဲရှောင်စခန်းအချို့၌ မိုးရာသီကာလမိုးသည်းထန်ချိန်တွင် အိပ်ဆောင်ကြမ်းပြင်များ ရေမြုပ်ခြင်း၊ တာဝန်ရှိသူများနှင့် စေတနာရှင်များက ဆန်နှင့် ပဲကိုသာအဓိကထား၍ လှူဒါန်းကြသဖြင့် ကျန်ဟင်းလျာများအတွက် ရန်ပုံငွေလိုအပ်ခြင်း၊ သားသမီးများ ကျောင်းထားရန် တာဝန်ရှိသူများက စီစဉ်ပေးထားသော်လည်း တိုက်ပွဲရှောင်ကျေးရွာသားများတွင် ငွေကြေးမရှိသဖြင့် အခြားလိုအပ်ချက်များ မဖြည့်ဆည်းနိုင်ခြင်း၊ အချို့ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းစသည့် အတန်းကြီး ကျောင်းသားများအား မြို့ပေါ်ရှိ ဘော်ဒါဆောင်သို့ပို့၍ ဘော်ဒါခနှင့် ကျူရှင်ဖိုးများကို ယခင်ကတောင်ယာစပါးနှင့် သီးနှံများ ရောင်းချခြင်း၊ ကျွဲ၊ နွားများ ရောင်းချခြင်းတို့မှ ရရှိသောငွေဖြင့် ဖြေရှင်းခဲ့ကြသော်လည်း ယခုကဲ့သို့ တိုက်ပွဲရှောင်စခန်းသို့ ရောက်ရှိနေချိန်တွင် ဝင်ငွေလုံးဝမရှိတော့သဖြင့် သားသမီးများ၏ ပညာရေးအခက်အခဲများ ကြုံတွေ့နေကြရခြင်း၊ ကျေးရွာတွင် လက်ရှိ မိုးရာသီစားသုံးရန်စုဆောင်းထားသည့် အရန်ဆန်နှင့် စပါးများ ပျက်စီးဆုံးရှုံးသွားသည့်အပြင် လာမည့်နှစ်အတွက် စပါးစိုက်ပျိုးမည့် ရာသီမှာလည်း ကျော်လွန်သွားပြီဖြစ်သဖြင့် နှစ်နှစ်စာစားဝတ်နေရေး အခက်အခဲကြုံတွေ့နေခြင်း၊ ကော်မရှင်ကြည့်ရှုလေ့လာရေးအဖွဲ့သည် တနိုင်းမြို့သို့ အချိန်ကန့်သတ်ချက်အရ သွားရောက်နိုင်ခြင်းမရှိသဖြင့် တနိုင်းမြို့မှ တိုက်ပွဲရှောင်စခန်းတာဝန်ရှိသူအချို့က မြစ်ကြီးနားမြို့သို့ လာရောက်၍ ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တနိုင်းမြို့တွင် ကေဘီစီ၊ အာစီ၊ အေဂျီနှင့် ခရစ်ယာန်ဘုရားကျောင်း(စီအိုစီ) ဟူ၍ စခန်းလေးခုရှိပြီး လူဦးရေ ၁၃၁၇ ဦး ပါဝင်သည့် အိမ်ထောင်စုပေါင်း ၃၃၃ စု ရှိကြောင်း၊ ၎င်းစခန်းများအား တိုက်ပွဲရှောင်စခန်းအဖြစ် အသိအမှတ်ပြုခြင်းမခံရသဖြင့် နိုင်ငံတော်မှပေးသည့် အထောက်အပံ့များ မရရှိသည့်အပြင် စေတနာရှင်အလှူရှင်များထံမှ လှူဒါန်းမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများမရရှိကြောင်း၊ ထို့ပြင် မြစ်ကြီးနားဒေသရှိ တိုက်ပွဲရှောင်စခန်းများကဲ့သို့ပင် ၎င်းတို့၏စခန်းများ၌ နေရာကျပ်တည်းမှုနှင့် စားရေရိက္ခာ အခက်အခဲ၊ သားသမီးများပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအခက်အခဲများ ကြုံတွေ့နေရကြောင်း စသည်ဖြင့် ၎င်းတို့၏ အခက်အခဲများကိုတင်ပြကြပါကြောင်း။

**လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသင့်**

အထက်ပါတွေ့ရှိချက်များအရ တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများ၏ လတ်တလောကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ထိုက်သင့်သည့် ထောက်ပံ့ကူညီမှုများထိရောက်စွာ ဖြည့်ဆည်းပေးသင့်သည့်အပြင် ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့ကူညီမှုများ ၎င်းတို့ထံ ရောက်ရှိရေးအတွက် လိုအပ်သလိုစီစဉ်ဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါကြောင်း။

ယခုအခါ တိုက်ပွဲများရပ်တန့်သွားပြီဖြစ်သော်လည်း တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် ၎င်းတို့ကျေးရွာများသို့ မပြန်ရဲကြကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရမှ တာဝန်ရှိသူများနှင့် ယင်းဒေသလုံခြုံရေးအတွက် တာဝန်ယူထားသည့် တပ်မတော်မှ တာဝန်ရှိသူများသည် သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်အတူ အဆိုပါကျေးရွာများသို့ သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများ၏ လုံခြုံမှု၊ စိတ်ချယုံကြည်မှုရရှိစေရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဒေသတွင်းလွတ်လပ်စွာ သွားလာနေထိုင်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း။

**အကြံပြု**

ယခုကဲ့သို့ တိုက်ပွဲဖြစ်ရာဒေသမှ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများအပါအဝင် ကျေးလက်ပြည်သူများသည် အထက်ဖော်ပြပါ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်နေကြရခြင်းကြောင့် နိုင်ငံတော်က လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ ဖော်ဆောင်သင့်ပါကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အကြံပြုအပ်ပါကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**မဘိမ်း ဇွန် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ဇွန် ၂၅ ရက်က မဘိမ်းမြို့နယ် မြို့မအုပ်စုရှိ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ၂၀၁၈ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို စပါးသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးနေခြင်းဖြစ်ပြီး မဘိမ်းမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စုမှ တောင်သူ ၁၄၆၄ ဦး၏ လယ်မြေ ၇၆၃၄ ဧကအတွက် စုစုပေါင်းချေးငွေ ကျပ်သိန်း ၁၁၄၅၁ သိန်းကို ထုတ်ချေးပေးရန်လျာထားကြောင်းနှင့် အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန်လအတွင်းတွင် အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းဦး (ပြန်/ဆက်)**

☆ ကျောဖုံးမှ

ကာကွယ်ခြင်းနှင့် ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား၊မဆိုင်ရာ တန်းတူညီမျှမှုတို့နှင့် ပတ်သက်သည့် အဆိုပြုချက်များကို ဆွေးနွေးကြသည်။

**ပီပြင်စွာဖော်ဆောင်ရေး**

စီးပွားရေးကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာအခြေခံမူများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာအခြေခံမူများနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး ခေါင်းစဉ်အောက်မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့်အချက်များကို ဆွေးနွေးကြသည်။

လူမှုရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲတွင် အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသား စာပေရေးရာသင်ကြားရေး၊ လူတိုင်းအကျုံးဝင်ပညာရေးစနစ်ဖော်ဆောင်ရေး၊ လူတိုင်း လက်လှမ်းမီလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစနစ်ဖော်ဆောင်ရေး၊ တိုင်းရင်းသား ဘာသာစကား၊ စာပေ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့် ဝတ်စားဆင်ယင်မှု သမိုင်းအမွေအနှစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ကာကွယ်ထိန်းသိမ်းရေး၊ လူငယ်ရေးရာကိစ္စရပ်များ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲတွင် ကမ္ဘာ့နိုင်ငံတိုင်းတွင်ထားရှိသော တစ်ခုတည်းသော တပ်မတော်လေ့လာချက်များနှင့် လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ရေရှည်တည်တံ့ရေး**

မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲတွင် မြေယာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်၊ အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများ၊ ရေရှည်တည်တံ့ရေးဆိုင်ရာ အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ကဏ္ဍအလိုက် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျဦးနှင့် တာလှဖေ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အကျိုးတော်ဆောင်များတက်ရောက်ကြသည်။

လုံခြုံရေးလုပ်ငန်းကော်မတီ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ တာလှဖေက "ကျွန်တော်တို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ဆိုတဲ့ ခေါင်းစဉ်ငါးခုကို ဆွေးနွေးတာဖြစ်ပါတယ်၊ လုပ်ငန်းကော်မတီတစ်ခုချင်းစီမှာသုံးနားညီ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကတစ်နား၊



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် လုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲ ကျင်းပစဉ်။

EAOS ဆိုတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကတစ်နား၊ နိုင်ငံရေးပါတီကတစ်နား၊ အဖွဲ့တစ်ခုစီမှာ အတွင်းရေးမှူးအပါအဝင် ငါးဦးစီ၊ ၁၅ ဦးနဲ့ ဆွေးနွေးတာဖြစ်တယ်၊ တစ်ခုတည်းသော တပ်မတော်ဆိုတဲ့ စကားရပ်က တော်တော်နက်ရှိုင်းတယ်၊ နားလည်မှုလည်းလွဲမှားနိုင်တယ်၊ တစ်ခုတည်းသော တပ်မတော်ဆိုတာက အနာဂတ်ဒီမိုကရေစီပြည်ထောင်စုရဲ့ တစ်ခုတည်းသော တပ်မတော်တစ်ခုဖြစ်မယ်၊ တစ်ခုတည်းသော တပ်မတော်မှာ ဘာတွေပြည့်စုံရမယ်၊ ဘာတွေလိုအပ်မယ် အဲဒါတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

**တွန်းအားပေး**

"ကျွန်တော်တို့က နားလည်မှုတည်ဆောက်တဲ့ ဆွေးနွေးမှုမျိုးပဲရှိပါသေးတယ်၊ တတိယအကြိမ် ပင်လုံညီလာခံကိုတော့ ဇူလိုင် ၁၁ ရက် မှ ၁၅ ရက်အထိ ငါးရက်တာ ကျင်းပသွားမှာဖြစ်ပါတယ်၊ အင်မတန်မှခက်ခဲတဲ့ အနေအထားကနေ ကျွန်တော်တို့ လုံခြုံရေးအခန်းကဏ္ဍဆိုရင် မဆွေးနွေးတော့ဘူးဆိုတဲ့ အတိုင်းအတာထိကို ရောက်သွားတဲ့အရာကနေပြီး သူတို့နိုင်ငံရေးပါတီကနေပြီး တွန်းအားပေးပြီးတော့ ဆက်လက်ဆွေးနွေးသွားကြမယ်ဆိုပြီး ကြိုးစားရင်းနဲ့ ဒီလိုဆွေးနွေးဖြစ်တာကို တကယ်ပဲဂုဏ်ယူမိပါတယ်" ဟု ပြောကြားသည်။

နိုင်ငံရေးကဏ္ဍလုပ်ငန်းကော်မတီ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ကျွန်တော်တို့ ကျင်းပနေတဲ့အစည်းအဝေးကတော့ UPDJC ကဏ္ဍအလိုက် လုပ်ငန်းကော်မတီငါးခုကိုတွေ့ဆုံတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ ဘယ်အချက်အလက်တွေကို တင်ပြမလဲဆိုတာကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

"၂၀၁၇ မေလမှာ ကျင်းပတဲ့ ညီလာခံတုန်းက ဆွေးနွေးပြီးတော့ သဘောတူညီချက် မရနိုင်သေးတဲ့ အချက်အလက်တွေကို ကျွန်တော်တို့ စုစည်းပြီးတော့ ပြန်လည်တင်ပြဖို့ရှိတယ်၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြီးခဲ့တဲ့ ညီလာခံမတိုင်မီမှာ ဆွေးနွေးပြီးတော့ တင်ပြလာတဲ့အချက်တွေကို ကျွန်တော်တို့ ညီလာခံကို မတင်နိုင်သေးဘဲ ချန်ထားတဲ့အချက်တွေရှိသေးတယ်၊ ပြီးခဲ့တဲ့ကာလမှာ NCA စာချုပ်လက်မှတ်ရေးထိုးပြီးတော့ အမျိုးသားအဆင့်နိုင်ငံရေး မကျင်းပနိုင်သေးတဲ့ အဖွဲ့အစည်းတွေရဲ့စာတမ်းတွေ၊ အစုအဖွဲ့အသီးသီးကနေ ထပ်ပြီးတော့ တင်ပြလာတဲ့စာတမ်းတွေကို စုစည်းပြီးတော့ အကောင်းဆုံးဖြစ်အောင် တင်သွင်းနိုင်ဖို့ ကြိုးစားနေပါတယ်၊ ကျွန်တော်က နိုင်ငံရေးကဏ္ဍကို တာဝန်ယူတဲ့သူဆိုတော့ အဓိကအနေနဲ့က ပြီးခဲ့တဲ့ညီလာခံမှာ ပြုစုနေတဲ့ အချက်တွေထဲက ကျန်တဲ့အချက်တွေကို ဆွေးနွေးသွားဖို့သဘောတူထားပါတယ်။ ကျန်တဲ့အချက်တွေက တိုင်းရင်းသားလူနည်းစုတွေရဲ့ အခွင့်အရေးကို ကာကွယ်ခြင်း၊ နိုင်ငံသားအားလုံးက ခံစားသင့်ခံစားထိုက်တဲ့ အခြေခံအခွင့်အရေးတွေကို ဆွေးနွေးသွားပါမယ်၊ တချို့အမြင်မှာတော့ ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်သွားနိုင်အောင် အဖြစ်သဘောညီလာခံကျင်းပတယ်လို့ ဝေဖန်တဲ့သူတွေရှိပါတယ်၊ NCA စာချုပ်အရ ကျွန်တော်တို့ သဘောတူထားတာ ပြည်ထောင်စုကြီးကို ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံပြီး ပြည်ထောင်စုကြီး တည်ထောင်မယ်ဆိုပြီး သဘောတူထားပါတယ်၊ အခြေခံမူ၊ အခြေခံအခွင့်အရေးတို့ကတော့ ဒီနိုင်ငံကို ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ထူထောင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ ကျင့်စဉ်တွေ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများကို ဇွန် ၂၈ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**MM၊ မွေးကြူဇင် (သတင်းစဉ်)**

❖ ယူ-၂၃ မှ

ထိုင်းယူ-၂၃ အသင်းနှင့် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ မြန်မာ ယူ-၂၃ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း၊ ဩဂုတ် ၅ ရက်တွင် တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း၊ မြန်မာ ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းအပါအဝင် အသင်းလေးသင်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘာရိန်း ယူ-၂၃ အသင်း၊ ထိုင်း ယူ-၂၃ အသင်း၊ တောင်ကိုရီးယား ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ တောင်ကိုရီးယားအသင်းမှ လွဲ၍ ကျန်အသင်းများမှာ အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် ယူ-၂၃ အသင်းများဖြင့် ယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာ ယူ-၂၃ အသင်းပြင်ဆင်မှုအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ ထိုင်းနှင့် ဘာရိန်းအသင်းသည် အာရှအားကစားပြိုင်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး တောင်ကိုရီးယားအသင်းသည် ယူ-၁၉ အသင်းဖြင့် လာရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အာရှထိပ်သီးအသင်းဖြစ်သောကြောင့် မြန်မာအသင်းအတွက် အတွေ့အကြုံရနိုင်မည့်ပွဲဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲအတွက် ဇူလိုင် ၂၃ ရက်တွင် လေ့ကျင့်မှုစတင်မည်ဖြစ်ပြီး ယူ-၂၃ ကစားသမားများအပြင် ယူ-၂၃ အထက် ကစားသမားသုံးဦးကိုပါ ထည့်သွင်းရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းကို ကိုင်တွယ်မည့် နည်းပြချုပ် အန်တွမ်နီဟေး (ဂျာမနီ) သည် ကစားသမားများရွေးချယ်ရန် ပြည်တွင်းပွဲများအား လိုက်လံကြည့်ရှုလျက်ရှိပြီး ၂၀၁၇ ခုနှစ်က ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ယူ-၂၂ အသင်းမှ ကစားသမားအများစု ပါဝင်လာဖွယ်ရှိနေသည်။



မြန်မာ ယူ-၂၃ အသင်းတွင် ပါဝင်လာဖွယ်ရှိသည့် မောင်မောင်လွင်။

ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရအသင်းအား ဆုကြေးများချီးမြှင့်မည်ဖြစ်ပြီး ပထမဆုဒေါ်လာ-၁၀၀၀၀၊ ဒုတိယဆု ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

✳ (၅၅)ကြိမ်မြောက်မှ

ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ရတနာပြပွဲများသို့ အကြိမ်(၂၀)နှင့်အထက် ဆက်တိုက်တက်ရောက်ခဲ့ကြသော ပြည်ပရတနာကုန်သည်များကို ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ကျောက်မျက်ရတနာပြပွဲများသို့ အကြိမ် (၂၀) ဆက်တိုက် တက်ရောက်ခဲ့ကြသည့် ပြည်ပရတနာကုန်သည် ခြောက်ဦးအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းက အကြိမ် (၃၀) ဆက်တိုက် တက်ရောက်ခဲ့သည့် ရတနာကုန်သည် တစ်ဦးနှင့် (၃၅) ကြိမ်ဆက်တိုက် တက်ရောက်ခဲ့သည့် ရတနာကုန်သည်နှစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့အဖြစ် ဇွန် ၂၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၄၅၁ မှ ၄၆၀၀ အထိ၊ ဇွန် ၂၈ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၄၆၀၁ မှ ၅၇၅၀ အထိနှင့် ဇွန် ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၅၇၅၁ မှ ၆၇၉၅ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးသူဟိန်း**

**ဓာတ်ပုံ- ကျော်ရဲဆွေ**

❍ အင်ဒိုနီးရှားမှ

စုစုပေါင်းရှစ်မျိုး ဖြစ်သွားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသည် ယင်းပြိုင်ပွဲတွင် ဆုတံဆိပ်ရနိုင်သည့် အားကစားနည်းများနှင့် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားနည်းရှစ်မျိုးအား ရွေးချယ်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၄ အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းများအနက် နပန်း၊ အလေးမ၊ ဂျူဒိုနှင့် ပြေးခုန်ပစ်အားကစားနည်းတို့ ပါဝင်လာခြင်းမရှိဘဲ ဘောလုံးနှင့် လှေလှော်အားကစားနည်းများတွင် တစ်ကျော့ပြန် ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၄ ပြိုင်ပွဲတွင် အားကစားနည်း ၁၀ မျိုး ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် ရှစ်မျိုးသာ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအားကစား အဖွဲ့သည် ၂၀၁၄ အာရှအားကစားပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ယင်းဆုတံဆိပ်အားလုံးကို မြန်မာပိုက်ကျော်ခြင်းအသင်းက ရယူပေးခဲ့ခြင်း ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲ သတ်မှတ်ချက်အရ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီး အသင်းများမှာ ကြိုက်နှစ်သက်ရာ ပြိုင်ပွဲနှစ်မျိုးစီသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ မြန်မာပိုက်ကျော်ခြင်းအသင်းအနေဖြင့် အောင်မြင်မှုဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။လှေလှော်အားကစားနည်းတွင် ယခုပြိုင်ပွဲ၌ ရိုးရာလှေ၊ ကနူး၊ ကယက်၊ အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲအားလုံး ပါဝင်မည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့သည် ရိုးရာလှေပြိုင်ပွဲ၌ ပြိုင်ပွဲငါးမျိုးစလုံး ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၈ အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွှေတံဆိပ် ၄၆၂ ခု ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၌ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

**ရန်ကုန် ဇွန် ၂၆**

(၃၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် သိမ်းဆည်းရမိပြီး တရားရုံးပြီးပြတ်ချက်ရရှိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သတင်းမီဒီယာများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်က ယနေ့ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့တို့က ဖမ်းဆီးရမိပြီး တရားရုံးပြီးပြတ်ချက်ရရှိပြီးသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး ၂၅ မျိုး၏






တန်ဖိုးမှာ ကာလပေါက်ဈေးအရ မြန်မာငွေကျပ် ၈၉၅၈၄ ဒသမ ၅၁၂၂ သန်း၊ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၃၅၈၈၉၇၉၂ သန်း ရှိကြောင်း၊ ယခု မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းမှာလည်း မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လေ့လာမှုများ ပြုလုပ်ခဲ့ပြီး ဖျက်ဆီးမည့်မူးယစ်ဆေးဝါး ဗျူပရီနော်ဖင်းပုလင်းများကို အုတ်ကန် အတွင်းသို့ ပစ်ပေါက်ဖျက်ဆီး၍လည်းကောင်း၊ မီးရှို့ဖျက်ဆီးမည့် မူးယစ် ဆေးဝါးများကို စက်ခလုတ်နှိပ်ကာ မီးရှို့၍လည်းကောင်း ဖျက်ဆီးခဲ့ကြပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထမ်လွင်ခွန်နမ့် လိုဏ်ဂူအတွင်း ပိတ်မိနေသော လူငယ်များအား ကယ်ဆယ်ရေးအဖွဲ့မှ ဆက်လက်ကူညီရှာဖွေလျက်ရှိ

**မယ်ဆိုင် ဇွန် ၂၆**

မြန်မာ-ထိုင်း နယ်စပ်ဖြစ်သော ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်း ဇွန် ၂၃ ရက်က ဝင်ရောက်သွားကြသော ပိတ်မိနေကြသည့် လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးအား ကယ်ဆယ်ရေးအဖွဲ့က ယနေ့နံနက်ပိုင်းအထိ ဆက်လက်ကူညီ ရှာဖွေလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံရှိ Thai Pbs ရုပ်သံလိုင်းအပါအဝင် ရုပ်သံသတင်းဌာနအသီးသီးမှ ယနေ့နံနက်ပိုင်းက တိုက်ရိုက်ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။



အဆိုပါလိုဏ်ဂူအတွင်း ပိတ်မိနေသော ဘောလုံးအသင်းဝင် လူငယ်များအား ကယ်ထုတ်နိုင်ရေးအတွက် ဆက်လက်ကြိုးစားရှာဖွေလျက်ရှိပြီး ရပာတ်ယာဉ်ဖြင့် ဝေဟင်မှနေ၍ ဂူ၏ထိပ်အထက်ဘက်ရှိ တောင်ကြောတစ်ဝိုက် အနီးပတ်ဝန်းကျင်၌ ဂူထွက်ပေါက်များ ရှိနိုင်၊ မရှိနိုင်ကို ပျံသန်းကြည့်ရှုရှာဖွေလျက်ရှိကြကာ အကယ်၍ရှိခဲ့မည်ဆိုပါက အထူးကယ်ဆယ်ရေးအဖွဲ့များ ဆင်းသက်ကယ်ဆယ်မည်ဖြစ်ကြောင်း သိရသည်။

ဝက်ဝံတောင်ထိပ် (ဒွိုင်ဖာမီ) သစ်တောတစ်ဝိုက်တွင်လည်း ရိက္ခာနှင့် မုန့်များ ဖြန့်ကြဲချထားပြီး လူငယ်များအနေဖြင့် လိုဏ်ဂူအတွင်းမှ ကံကောင်းစွာ ထွက်လာနိုင်ပါက အားအင်ပြည့်ဖြိုးစေရန်အတွက် အဆင်သင့်စားသုံးနိုင်ရန် စီမံဆောင်ရွက်ထားကာ အချက်ပြစနစ်များဖြင့် အသုံးပြုနည်းများကို စီမံဆောင်ရွက် ထားရှိရန်အတွက် ကယ်ဆယ်ရေးအဖွဲ့များအား ထိုင်းနိုင်ငံ ရေတပ်ကွန်မန်ဒိုအထူးတပ်ဖွဲ့က ညွှန်ကြားထားကြောင်း သိရသည်။

ဂူ၏အထက်ဘက်၌ လူတစ်ကိုယ်စာရှိသော ဂူပေါက်ငယ်များရှိပြီး ကျောက်မိုင်းခွဲသင့်၊ မခွဲသင့်ကို တာဝန်ရှိသူများက ဆွေးနွေးနေဆဲဖြစ်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများလည်း မဖြစ်စေလိုကြောင်း သိရသည်။

ဂူအတွင်းရှိ ရေများစုပ်ထုတ်ရာတွင် မီးစက်အသုံးပြု၍ မရသောကြောင့် အောက်ဆီဂျင်များ ပြတ်တောက်မည်စိုးရိမ်သဖြင့် လျှပ်စစ်မီးကိုသာ အသုံးပြုနေရကြောင်း သိရကာ ထိုင်းနိုင်ငံသုံး ဘတ်သုံးသိန်းတန်ဖိုးရှိ လျှပ်စစ်မီးကြိုးများ လာရောက်လှူဒါန်းသူများလည်းရှိနေကြကြောင်း ထိုင်းရုပ်သံသတင်းဌာနအသီးသီးက ဖော်ပြလျက်ရှိသည်။

ယနေ့နံနက် အစောပိုင်းက ထိုင်းနိုင်ငံရှိ အထူးတပ်ဖွဲ့များမှာ ဂူအတွင်းသို့ ဝင်ရောက်သွားကြပြီဖြစ်ပြီး ခြေလျင်အထူးတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနမှအဖွဲ့များ၊ ကျွမ်းကျင်နယ်မြေခံလမ်းပြများဖြင့် ဖြန့်ခွဲကာ ဂူပေါက်(ဂယ်ပေါက်) ငယ်များအား ရှာဖွေနေကြကြောင်း၊ အဆိုပါ ဘောလုံးအသင်းဝင်များအား ရှာဖွေတွေ့ရှိရေး ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အဆင့် သတ်မှတ်လိုက်ပြီဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် လာရောက်၍ ကြီးကြပ်စောင့်ကြည့်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုပျောက်ဆုံးနေသည့် ဘောလုံးအသင်းဝင်များထဲမှ လူငယ်ခြောက်ဦးမှာ အဆိုပါ ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်းသို့ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က တစ်ကြိမ်ဝင်ရောက်ခဲ့ကြပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးဖူးခဲ့ကြကြောင်း၊ ယခု ဘောလုံးအသင်းဝင်များ၏ ဖြစ်စဉ်မှာလည်း လိုဏ်ဂူအတွင်း နာရီပေါင်း ၅၀ ကျော် အချိန်ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် အစာရေစာပြတ်လပ်၍ အားအင်ကုန်ခန်းကာ အသက်ရှူမှုဆိုင်ရာ အခက်အခဲများဖြစ်လာသဖြင့် အောက်ဆီဂျင်ရှိနိုင်မည့် လေပေါက်ရှိရာ အမြင့်ပိုင်းသို့ ဆက်လက်တိုးသွားနေကြနိုင်ဖွယ်ရာရှိကြောင်း၊ ယင်းဖြစ်စဉ်အား ကူညီဆောင်ရွက်ရန်အတွက် ဆွီဒင်နိုင်ငံမှ လိုဏ်ဂူကျွမ်းကျင်အဖွဲ့ ခြောက်ဦးမှာလည်း ယနေ့တွင် လာရောက်ကူညီဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် လူငယ်ဘောလုံးအသင်းဝင်များအား ရှာဖွေတွေ့ရှိမှုအခြေအနေမှာ မသေချာနိုင်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် ရုပ်သံသတင်းဌာနများ၏ ဖော်ပြချက်အရ သိရသည်။

**ပွင့်သစ္စာ**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားများ ကျင်းပ

**စစ်တွေ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က အဖွင့်အမှာစကား ပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာအား ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ဖတ်ကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဆောင်ရွက်ချက်မှတ်တမ်းကို Video Clip ပြသသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ ဆုရစာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာတို့ ပြသထားမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ UN၊ INGOs များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် မောင်တောခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သော သဝဏ်လွှာအား မောင်တောခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းက ဖတ်ကြားသည်။

ယင်းနောက် မောင်တောခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုခရိုင်ဥပဒေအရာရှိ ဦးဆန်းဝင်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေပိုင်းဆိုင်ရာသိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြကာ ခရိုင်လက်ထောက်ဆရာဝန် ဒေါက်တာ ဖြိုးကိုကိုဇော်က မူးယစ်ဆေးဝါးသုံးစွဲရောဂါအကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား၌ (၂၁)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားသို့ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ NGO အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့မိ မြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေဝင်းထွန်း(မြန်မာ့အလင်း)**

**ခင်မောင်ဝင်း(ကြေးမုံ)**

# နှစ်နိုင်ငံ စစ်ရေးပူးပေါင်းမှု မြှင့်တင်နိုင်ရေး အမေရိကန်ကာကွယ်ရေးဝန်ကြီး ပေကျင်းသို့ ရောက်ရှိ

**ပေကျင်း ဇွန် ၂၆**
အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်သည် တရုတ်နိုင်ငံသို့ လာရောက်သည့် ၎င်း၏ပထမဆုံးသော ခရီးစဉ်အဖြစ် မြို့တော်ပေကျင်းသို့ ဇွန် ၂၆ ရက်တွင် ဆိုက်ရောက်လာခဲ့ကြောင်း၊ အမေရိကန်နှင့် တရုတ်အကြားတင်းမာမှုမြင့်မားလာနေချိန်အတွင်း နှစ်နိုင်ငံစစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်မည့်အခွင့်အလမ်းတစ်ရပ် ရရှိရန် ၎င်းက မျှော်လင့်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့်တရုတ်အကြား ကုန်သွယ်ရေးစစ်ပွဲအရှိန်အဟုန် မြင့်တက်လာနေချိန်နှင့် တောင်တရုတ်ပင်လယ်ပြင်အတွင်း ပိုင်နက်အငြင်းပွားမှုဖြစ်ပေါ်နေသော ကျွန်းစုများပေါ်တွင် တရုတ်နိုင်ငံက လက်နက်များဖြန့်ကြက်မှု ပြုလုပ်နေချိန်တို့အတွင်း ကာကွယ်ရေးဝန်ကြီး မက်တစ်၏ ခရီးစဉ်ဖြစ်ပေါ်လာသည်။

မြောက်ကိုရီးယားလက်နက်တိုက်ကို မြောက်ကိုရီးယားဖျက်သိမ်းရေးအပါအဝင် နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားများနှင့် သက်ဆိုင်နေသော နယ်ပယ်ရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို မိမိရှာဖွေသွားမည်ဖြစ်ကြောင်း ဝန်ကြီးမက်တစ်က ပြောကြားသည်။

### ဆွေးနွေးမည်

ဝန်ကြီးမက်တစ်သည် တရုတ်ကာကွယ်ရေးဝန်ကြီး ဝေဖန်းဟဲနှင့် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး အခြားသော ထိပ်တန်း တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့်လေးနှစ်က အမေရိကန်ကာကွယ်ရေးဝန်ကြီး တစ်ဦး တရုတ်နိုင်ငံသို့ လာရောက်ခဲ့ဖူးကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား အဆက်အသွယ်ပြုမှု ခိုင်မာတိုးတက်ရန် လိုအပ်ကြောင်း ဝန်ကြီးမက်တစ်က ပြောကြားသည်။



မိမိတို့နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာစေမည့် အကြောင်းတရား တစ်ရပ်အဖြစ် နှစ်ဖက်စစ်ရေးဆက်ဆံမှု တိုးတက်စေရန် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးမက်တစ်၏ ခရီးစဉ်အကြိုကာလတွင် တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဝန်ကြီး မက်တစ်သည် တရုတ်နိုင်ငံအားဝေဖန်နေခြင်းထက် တရုတ်နိုင်ငံ၏ပြောဆိုချက်ကို အလေးအနက် နားထောင်သင့်သည်ဟု တရုတ်နိုင်ငံပိုင် ဂလိုဘယ်တိုင်းမ်သတင်းစာကလည်း သတိပေးရေးသားခဲ့သည်။

ဝန်ကြီးမက်တစ်သည် အရှေ့အာရှဒေသသို့ သွားရောက်သည့်လေးရက်ကြာ ခရီးစဉ်အတွင်း တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့သို့လည်း ဆက်လက်သွားရောက်မည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# အာဖဂန်အရှေ့ပိုင်းတွင် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ၁၃ ဦးသေဆုံး

**အဆာဒါဘတ် (အာဖဂန်နစ္စတန်) ဇွန် ၂၆**
အာဖဂန် နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် အမေရိကန်နှင့် နေတိုးဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က မောင်းသူမဲ့လေယာဉ်ဖြင့် စီးနင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် အရပ်သား ခြောက်ဦးထက် မနည်းနှင့် သောင်းကျန်းသူ ခုနစ်ဦးသေဆုံးခဲ့ကြရကြောင်း တာဝန်ရှိသူများက ဇွန် ၂၆ ရက်တွင် ပြောကြားကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နူရီစတန်ပြည်နယ် ဝေဂယ်ခရိုင်ဒါဝါဇာဂီမြို့ရှိ နေအိမ်တစ်လုံးကို အမေရိကန်နှင့်နေတိုးအဖွဲ့ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့မှ မောင်းသူမဲ့လေယာဉ်တစ်စင်းက ဇွန် ၂၄ ရက် ညပိုင်း တွင် တိုက်ခဲ့ခြင်းကြောင့် အရပ်သား ခြောက်ဦးနှင့် တာလီဘန်သောင်းကျန်းသူ လေးဦးသေဆုံးရကြောင်း ပြည်နယ်ကောင်စီအကြီးအကဲ ဆာဒူလ ပရင်ဒါက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ နေအိမ်ကို ညွန့်ပေါင်းတပ်ဖွဲ့က မောင်းသူမဲ့ လေယာဉ်ဖြင့် ပစ်မှတ်ထားတိုက်ခိုက်သည့် ည ၁၁ နာရီ မတိုင်မီတွင် ဒဏ်ရာရထားသည့် တာလီဘန်တိုက်ခိုက်ရေးသမားတစ်ဦးကို လူတစ်စုက လာရောက်တွေ့ဆုံနေချိန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဇွန် ၂၄ ရက် မွန်းလွဲပိုင်းကလည်း အိမ်နီးချင်း ကူနာပြည်နယ် ဝါတာပူရ်ခရိုင် ဟာဇာဘာရက်ဒေသ၌ အလားတူ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် အစ္စလာမ္မစ် နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွ သုံးဦး သေဆုံးခဲ့ကြောင်း အမှတ် ၂၀၂ ရှန်ဆတ်ရဲတပ်ဖွဲ့ဇုန်အခြေစိုက် သတင်းပြန်ကြားရေးရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ**

# လန်ဒန်ဟီးသရိုးလေဆိပ် တိုးချဲ့ရေး ဗြိတိန်အမတ်များ အတည်ပြု

**လန်ဒန် ဇွန် ၂၆**
ဥရောပတိုက်၏ လေယာဉ်အဝင်အထွက်အများဆုံးလေဆိပ်ဖြစ်သော လန်ဒန်ဟီးသရိုးလေဆိပ်၌ တတိယမြောက် လေယာဉ်ပြေးလမ်း တစ်လမ်း ဖောက်လုပ်ရေးအစီအစဉ်ကို ဗြိတိန် လွှတ်တော်အမတ်များက မဲပေးအတည်ပြုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

### သဘောတူညီပြီး

ဝန်ကြီးချုပ်ထရေဆာမေ၏ အစိုးရအဖွဲ့သည် ယခုလအစောပိုင်းက ဟီးသရိုးလေဆိပ်လေယာဉ်ပြေးလမ်းသစ် တိုးချဲ့ရေးစီမံကိန်းကို



အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ပြီးဖြစ်သည်။ လေဆိပ်တိုးချဲ့ခြင်းဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မေက ပြောကြားခဲ့သည်။

### ဝေဖန်ပြောကြား

သို့ရာတွင် လန်ဒန်မြို့တော်နှင့် အင်္ဂလန်အရှေ့တောင်ပိုင်း ဒေသတို့ကို ကိုယ်စားပြုသော အမတ်အများအပြားကမူ လေဆိပ်တိုးချဲ့ရေးစီမံကိန်းနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန်ဝေဖန်ပြောကြားခဲ့ကြသည်။ လေဆိပ်တိုးချဲ့ရေးစီမံကိန်းကြောင့် လူဦးရေသိပ်သည်းသော နယ်မြေအပေါ် ဆူညံသံဖိစီးလာနိုင်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်သည်ဟု ၎င်းတို့က ပြောကြားကြသည်။

လေဆိပ်တိုးချဲ့ရေးစီမံကိန်းကို အစိုးရအဖွဲ့က အတည်ပြုခဲ့ရာတွင် မိမိအနေဖြင့် သတိရှိရှိဖြင့် အကောင်းဘက်မှရှုမြင်မိကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ခရစ်ဂရေလင်းက ပြောကြားသည်။

ဟီးသရိုးလေဆိပ် တိုးချဲ့ရေးအတွက် မဲခွဲဆုံးဖြတ်မှုဖြစ်ပေါ်လာရန် နှစ်ပေါင်း ၅၀ မျှ အချိန်ယူခဲ့ရကြောင်း၊ မျိုးဆက်တစ်ဆက်ကာလအတွင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အကြီးကျယ်ဆုံး ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

### တိုးတက်လာမည်

လေဆိပ်တိုးချဲ့ခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ အလုပ်အကိုင်နေရာ ၁၁၄၀၀၀ အထိ ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုတွင် ဗြိတိန်နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာမည်ဖြစ်သည်ဆို၏။

လေဆိပ်တိုးချဲ့ရေးစီမံကိန်းအတွက် ရန်ပုံငွေကို ပုဂ္ဂလိကကဏ္ဍက ဖြည့်ဆည်းပေးမည်ဖြစ်သည်။ လေဆိပ်အသုံးပြုသော လေကြောင်း ဌာနများအပေါ် အခွန်တိုးမြှင့်ကောက်ခံမှု မရှိစေရေးအတွက် အစိုးရအဖွဲ့က လေဆိပ်လုပ်ငန်းကုမ္ပဏီနှင့် လက်တွဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ဂရေလင်းက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင် တပ်ဖွဲ့ဝင်များ အချင်းချင်း မှားယွင်းပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

**မနီလာ ဇွန် ၂၆**
ဖိလစ်ပိုင်တပ်မတော်က ကွန်မြူနစ်ပြောက်ကျားများကို လိုက်လံရှာဖွေရှင်းလင်းစဉ်အတွင်း မှားယွင်းပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးရပြီး ရဲတပ်ဖွဲ့ဝင် ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဖိလစ်ပိုင်စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များသည် တောတွင်း၌ လှည့်ကင်းတာဝန်ထမ်းဆောင်နေကြစဉ် အချင်းချင်း မှားယွင်းပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဇွန် ၂၆ ရက်တွင် ပြောကြားကြသည်။

ဇွန် ၂၅ ရက်က ဖြစ်ပွားခဲ့သော ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေကြောင်း ဖိလစ်ပိုင်တပ်မတော်က ပြောကြားသည်။

### ဆိုင်းငံ့

အာရှတိုက်တွင် သက်တမ်းအရှည်ဆုံး ပုန်ကန်သောင်းကျန်းမှု အဆုံးသတ်နိုင်ရေး ရည်မှန်းချက်ဖြင့် ကွန်မြူနစ် သူပုန်များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခဲ့မှုမှာ ပြတ်တောင်းပြတ်တောင်း ရှိခဲ့ပြီးနောက်တွင် ဆွေးနွေးမှုများကို ဖိလစ်ပိုင်အစိုးရက ဆိုင်းငံ့ခဲ့ပြီး မကြာမီကာလအတွင်း မှားယွင်းပစ်ခတ်မှု ဖြစ်ပွားခြင်းဖြစ်သည်။

နှစ်ဖက်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အချင်းချင်းမှားယွင်းပစ်ခတ်ခြင်း ဖြစ်သည်ဟု သိရှိသွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဖရန်စွာကို အက်နိုကမိနစ် ၃၀ ကြာ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုနှင့် ပတ်သက်၍ အေအက်ဖ်ပီသို့ ပြောကြားသည်။

### ကင်းလှည့်နေ

၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များသည် ဖိလစ်ပိုင်တပ်မတော်သားများနည်းတူ အဆိုပါဒေသတွင် ကင်းလှည့်နေကြောင်း၊ ယင်းဒေသမှာ ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာ၏ အရှေ့တောင်ဘက် ကီလိုမီတာ ၅၅၀ (မိုင် ၃၄၀)အကွာ ဆန်တာရီတာမြို့အနီးတွင် ဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ယင်း မှားယွင်းပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရသော်လည်း ဖိလစ်ပိုင်တပ်ဖွဲ့မှ ထိခိုက်သေကျေမှု သတင်းထွက်ပေါ်ခြင်း မရှိပေ။

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းရှိ ဆာမာကျွန်းသည် သက်တမ်း ၄၉ နှစ်ရှိ ကွန်မြူနစ်သူပုန်အဖွဲ့၏နောက်ဆုံးခြေကုပ်စခန်း တည်ရှိရာ ဖြစ်သည်။ ကွန်မြူနစ်သူပုန်အဖွဲ့ တိုက်ခိုက်မှုကြောင့် လူပေါင်း ၃၀၀၀၀ ခန့် သေဆုံးခဲ့ရပြီဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

**အေအက်ဖ်ပီ**



## ကမ္ဘာ့ဖလားအားကစားသတင်းများ

# ပြင်သစ်နှင့် ဒိန်းမတ် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သော်လည်း အုပ်စုပထမနေရာဖြင့် ၁၆ သင်းအဆင့်သို့ ပြင်သစ်တက်လှမ်း

ပြင်သစ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်အဖြစ် ဒိန်းမတ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေပွဲဖြစ်ခဲ့သော်လည်း ပြင်သစ်အသင်းသည် ၁၆ သင်းအဆင့်သို့ အုပ်စုပထမနေရာဖြင့် တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ပြင်သစ်အသင်းသည် အုပ်စုအဆင့် ပထမနှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံးအနိုင်ရရှိခဲ့ခြင်းကြောင့် ရမှတ်ခြောက်မှတ်ရရှိထားခဲ့ပြီး ယခု ဒိန်းမတ်အသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့ကာ တစ်မှတ်စုဆောင်းနိုင်ခဲ့ခြင်းကြောင့် ရမှတ်ခုနစ်မှတ်ဖြင့် နောက်တစ်ဆင့်တက်လှမ်းခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် သရေတစ်မှတ်ရရှိရုံဖြင့် နောက်တစ်ဆင့်ကို အုပ်စုပထမနေရာဖြင့် တက်လှမ်းနိုင်မည့် အခွင့်အရေးရှိခဲ့ခြင်းကြောင့် ကစားသမားများကို အနာမခံဘဲ ထိန်းကစားခဲ့ခြင်းဖြစ်သည်။

ဒိန်းမတ်အသင်းမှာမူ ပီရူးအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဩစတြေးလျအသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ ရမှတ်လေးမှတ်ရရှိထားခဲ့သည့် အသင်းဖြစ်သည်။ ဒိန်းမတ်အသင်းသည် ယခုယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းကြောင့် ရမှတ်ငါးမှတ်ဖြင့် နောက်တစ်ဆင့်သို့ အုပ်စုဒုတိယနေရာဖြင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အုပ်စု(C)၏ အုပ်စုအဆင့်အခြားသော နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဩစတြေးလျအသင်းနှင့် ပီရူးအသင်းတို့၏ ပွဲစဉ်တွင် ပီရူးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ပီရူးနှင့် ဩစတြေးလျအသင်းမှာ အုပ်စုအဆင့်နှင့်ပင် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

လက်ရှိအုပ်စု(C)တွင် ပြင်သစ်အသင်းနှင့် ဒိန်းမတ်အသင်းတို့သည် ၁၆ သင်းအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်ရာ ပြင်သစ်အသင်းသည် အုပ်စု(D)မှ အုပ်စုဒုတိယနေရာဖြင့် တက်လာမည့်အသင်းနှင့် ထိပ်တိုက်တွေ့မည်ဖြစ်ပြီး ဒိန်းမတ်အသင်းမှာမူ အုပ်စု(D)မှ အုပ်စုပထမနေရာဖြင့် တက်လှမ်းလာမည့်အသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။




# စပိန်နှင့် ပေါ်တူဂီ ၁၆ သင်းအဆင့် တက်လှမ်းခဲ့ပြီး အီရန်နှင့် မော်ရိုကို အုပ်စုအဆင့်နှင့်ပင် ပြိုင်ပွဲမှထွက်ခဲ့ရ

ရုရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်ပြိုင်ပွဲများအနက် အုပ်စု(B)နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာတွင် စပိန်အသင်းနှင့် ပေါ်တူဂီအသင်းတို့မှာ ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး အီရန်အသင်းနှင့် မော်ရိုကိုအသင်းမှာ အုပ်စုအဆင့်နှင့်ပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

စပိန်အသင်းသည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် မော်ရိုကိုအသင်းနှင့် ကစားခဲ့ရပြီး တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။ ပေါ်တူဂီအသင်းမှာမူ အီရန်အသင်းနှင့် ကစားခဲ့ရပြီး တစ်ဖက်တစ်ဂိုးစီသရေလဒ်ထွက်ပေါ်ခဲ့သည်။

ထိုသို့ သရေလဒ်များထွက်ပေါ်ခဲ့သော်လည်း စပိန်အသင်းနှင့် ပေါ်တူဂီအသင်းတို့မှာ အုပ်စုအဆင့် သုံးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ်ငါးမှတ်စီရရှိခဲ့ခြင်းကြောင့် နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စုအဆင့်နှင့်ပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည့် အီရန်အသင်းနှင့် မော်ရိုကိုအသင်းတို့အနက် အီရန်အသင်းမှာ ရမှတ်လေးမှတ်ရရှိခဲ့ပြီး မော်ရိုကိုအသင်းမှာမူ ရမှတ်တစ်မှတ်ရရှိခဲ့ကာ ကမ္ဘာ့ဖလားကို စောစီးစွာနှုတ်ဆက်ခဲ့ရခြင်းဖြစ်သည်။

စပိန်အသင်းနှင့် ပေါ်တူဂီအသင်းတို့သည် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ၁၆ သင်းအဆင့်သို့ တက်လှမ်းခဲ့ပြီဖြစ်သောကြောင့် ၁၆ သင်းအဆင့်တွင် စပိန်အသင်းမှာ အိမ်ရှင်ရုရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပေါ်တူဂီအသင်းမှာမူ ဥရုဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဥရုဂွေးအသင်းနှင့် ပေါ်တူဂီအသင်းတို့၏ ပွဲစဉ်သည် တိုက်စစ်မှူး ဆွာရက်ဇ်နှင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့၏ အားပြိုင်မှုဖြစ်လာမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို ဇွန် ၃၀ ရက်တွင် ဆိုချီမြို့ရှိ ဖစ်အိုလံပစ်အားကစားကွင်း၌ လည်းကောင်း၊ စပိန်အသင်းနှင့် အိမ်ရှင်ရုရှားအသင်းတို့၏ ပွဲစဉ်ကို ဇူလိုင် ၁ ရက်တွင် မော်စကိုမြို့ရှိ ကမ္ဘာ့ဖလားဖွင့်ပွဲကျင်းပရာ လုဇ်နီကီအားကစားကွင်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# ဘရာဇီးနဲ့ ဆွစ်ဇာလန် ၁၆ သင်းတက်ဖို့အခွင့်သာမယ့် အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်များ

**ယနေ့ ကစားမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွေထဲမှာ အုပ်စု(E) အတွင်း ကျရောက်နေတဲ့ ဘရာဇီးအသင်း၊ ဆွစ်ဇာလန်အသင်းနဲ့ ဆားဘီးယားအသင်းတို့ထဲက ဘယ်အသင်းက နောက်တစ်ဆင့်တက်မလဲဆိုတာနဲ့ အုပ်စု(F)မှာဆိုရင်လည်း မက္ကဆီကိုအသင်း၊ ဂျာမနီအသင်းနဲ့ ဆွီဒင်အသင်းတို့ထဲက ဘယ်အသင်းက နောက်တစ်ဆင့်တက်ခွင့်ရမလဲဆိုတာက ပရိသတ်တွေအတွက် စိတ်ဝင်စားမှုအပြည့်ရှိနေမှာပါ။**

**မက္ကဆီကို-ဆွီဒင် ည ၈း၃၀ နာရီ၊ ၂၇-၆-၂၀၁၈**

မက္ကဆီကိုကတော့ ဒီပွဲမှာ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ နောက်တစ်ဆင့်တက်မှာပါ။ သရေတစ်မှတ်ရရုံနဲ့နောက်တစ်ဆင့်တက်မှာဖြစ်လို့ မက္ကဆီကိုက ၁၆ သင်းအဆင့်အတွက် ကစားသမားချန်ပြီး ပွဲထွက်လာဖို့လည်းရှိနေပါတယ်။ ဆွီဒင်အသင်းကတော့ နောက်တစ်ဆင့်တက်ဖို့ဆိုရင် ဒီပွဲစဉ်မှာ အနိုင်ကစားနိုင်မှ သေချာမယ့်အသင်းဖြစ်နေတာမို့ အားစိုက်ကစားလာဖို့ရှိနေပြီး သရေတစ်မှတ်ရခဲ့မယ်ဆိုရင် ဂျာမနီပွဲစဉ်ရဲ့ရလဒ်က အဆုံးအဖြတ်ဖြစ်လာမှာမို့ တစ်ချိန်တည်းယှဉ်ပြိုင်ရမယ့် ဒီပွဲစဉ်မှာ ဆွီဒင်က ခြေကုန်ထုတ်ကစားလာဖို့ရှိနေပါတယ်။

**တောင်ကိုရီးယား-ဂျာမနီ ည ၈း၃၀ နာရီ၊ ၂၇-၆-၂၀၁၈**

ရမှတ်တစ်မှတ်မှ မရသေးဘဲ အခုပွဲစဉ်မှာ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ကမ္ဘာ့ဖလားကနေထွက်ခွာရတော့မယ့်အသင်းဖြစ်တဲ့ တောင်ကိုရီးယားအသင်းနဲ့ အနိုင်သုံးမှတ်အပြည့်ရရင် နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်ရှိနေတဲ့ လက်ရှိချန်ပီယံဂျာမနီအသင်းတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုကလည်း စိတ်ဝင်စားစရာပါ။ ဂျာမနီဟာ မက္ကဆီကိုအသင်းကို ရှုံးထားတာမို့ သုံးမှတ်ပဲရထားတာဖြစ်ပြီး တောင်ကိုရီးယားကို နိုင်ခဲ့မယ်ဆိုရင် လက်ရှိချန်ပီယံဆုကို ကာကွယ်ခွင့်ရရှိမှာပါ။ ဂျာမနီအသင်းနည်းပြကလည်း ၁၆ သင်းအဆင့်မှာ ကစားခွင့်ရရှိဖို့ အရင်နှစ်ပွဲကစားခဲ့တဲ့ ကစားသမားတွေကို အခုတောင်ကိုရီးယားအသင်းနဲ့ ပွဲစဉ်မှာ ကစားသမားခုနစ်ယောက်အထိ အပြောင်းအလဲလုပ်ဖို့ စီစဉ်နေတာကြောင့် အဲဒီနည်းဗျူဟာက ဂျာမနီအတွက် အလုပ်ဖြစ်မလားဆိုတာနဲ့ နောက်တစ်ဆင့်မှာ ဂျာမနီကို ပြန်လည်မြင်တွေ့ရမလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရဆိုရင်တော့ ဂျာမနီက အသာစီးရယူသွားဖို့ရှိနေပါတယ်။

**ဆားဘီးယား-ဘရာဇီး နံနက် ၀၀း၃၀ နာရီ၊ ၂၈-၆-၂၀၁၈**

ဒီအုပ်စုမှာ ဆားဘီးယားအသင်းက ရမှတ်သုံးမှတ်ရထားသလိုပဲ ဘရာဇီးအသင်းကလည်း ရမှတ်လေးမှတ်ရရှိထားပါတယ်။ ဒီအုပ်စုက တခြားအုပ်စုတွေနဲ့မတူဘဲ နောက်တစ်ဆင့်တက်ဖို့အတွက် အခွင့်အရေးသုံးသင်းစလုံးမှာရှိနေပေမယ့် ဒီသုံးသင်းထဲကနေ နှစ်သင်းရွေးထုတ်လိုက်တဲ့အခါမှာ ဆွစ်ဇာလန်အသင်းက အခွင့်အရေးပိုရှိနေပြီး ဆားဘီးယားအသင်းနဲ့ ဘရာဇီးအသင်းကတော့ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မှာ ထိပ်တိုက်တွေ့နေတာကြောင့် ဒီနှစ်သင်းထဲက တစ်သင်းကတော့ အုပ်စုအဆင့်မှာပဲနေခဲ့ရမှာပါ။ ဆားဘီးယားက ကော်စတာရီကာကို နိုင်ခဲ့လို့သာ သုံးမှတ်ရထားတာပါ။ အားရစရာတော့မရှိပါဘူး။ ဘရာဇီးကတော့ ကစားသမားကောင်းတွေစုဖွဲ့ထားပြီး နေမာ၊ ကော်တင်ဟို၊ ဝီလီယံ၊ ဖာမီနိုတို့လို ကစားသမားကောင်းတွေရှိနေတာမို့ ဘရာဇီးက နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးပိုရရှိလာမယ့်ပွဲလည်း ဖြစ်ပါတယ်။

**ဆွစ်ဇာလန်-ကော်စတာရီကာ နံနက် ၀၀း၃၀ နာရီ၊ ၂၈-၆-၂၀၁၈**

ဆွစ်ဇာလန်အသင်းက လက်ရှိမှာ ရမှတ်လေးမှတ်ရထားတာကြောင့် ကော်စတာရီကာလိုအသင်းကို အနိုင်ရခဲ့မယ်ဆိုရင်တော့ နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်ရှင်သန်နိုင်မှာပါ။ ကော်စတာရီကာအသင်းအတွက်တော့ အနိုင်ရလဒ်ဆောင်ကြဉ်းနိုင်ခဲ့မယ်ဆိုရင်တော့ အုပ်စုအဆင့်ကနေ ရုရှားကမ္ဘာ့ဖလားကို လက်ပြပြီးလှည့်ပြန်ရမယ့်အသင်းပါ။ ဒါပေမယ့် ဂုဏ်သိက္ခာပိုင်းအရ ယှဉ်ပြိုင်ရမယ့် ကော်စတာရီကာက နိုင်ပွဲတစ်ပွဲမှ မရရှိခဲ့ပေမယ့် နောက်ဆုံးပွဲစဉ်မှာ ဖျက်မျဉ်းအသင်းအဖြစ်နဲ့ မြင်တွေ့ရဖို့ရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွစ်ဇာလန်အသင်းက သရေတစ်မှတ်ရရင်တောင် နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိမှာဖြစ်တာကြောင့် ဆွစ်ဇာလန်ကသာ ကပ်နိုင်ပြီး နောက်တစ်ဆင့်တက်သွားဖို့ရှိနေပါတယ်။

## FIFA WORLD CUP RUSSIA 2018 ကမ္ဘာ့ဖလားပွဲစဉ်များ

| | | | | |
|---|---|---|---|---|
| တောင်ကိုရီးယား | Vs | ဂျာမနီ | ဇွန် ၂၇ ရက် | ည ၈း၃၀ |
| မက္ကဆီကို | Vs | ဆွီဒင် | ဇွန် ၂၇ ရက် | ည ၈း၃၀ |
| ဆားဘီးယား | Vs | ဘရာဇီး | ဇွန် ၂၈ ရက် | နံနက် ၀၀း၃၀ |
| ဆွစ်ဇာလန် | Vs | ကော်စတာရီကာ | ဇွန် ၂၈ ရက် | နံနက် ၀၀း၃၀ |

## FIFA WORLD CUP RUSSIA 2018 ကမ္ဘာ့ဖလားပွဲပြီးရလဒ်များ

| | | | | |
|---|---|---|---|---|
| အီရန် | ၁ | - | ၁ | ပေါ်တူဂီ |
| စပိန် | ၂ | - | ၂ | မော်ရိုကို |
| ဩစတြေးလျ | ၀ | - | ၂ | ပီရူး |
| ဒိန်းမတ် | ၀ | - | ၀ | ပြင်သစ် |

# ခြိမ်းခြောက်ငွေတောင်းခံပြီး ဥပဒေမဲ့လုပ်ရပ်များ ပြုလုပ်ခဲ့သည့် ရှုထောင့် မှုခင်းသတင်းထောက်များအား အမှုဖွင့်အရေးယူ

**နေပြည်တော် ဇွန် ၂၆**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် "နိုင်ငံတော် လုံခြုံရေးအဖွဲ့အစည်းများ၏အသွင်သဏ္ဌာန်ဖြင့် ယူနီဖောင်းများ ဖန်တီးဝတ်စားဆင်ယင်ခြင်း မပြုကြရန်နှင့် ဝတ်ဆင်ကြောင်း တွေ့ရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" နှင့် ဇွန် ၁၆ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင်လည်း မှုခင်းသတင်းထောက်များ အပါအဝင် သတင်းထောက်အသင်းဝင်များအနေဖြင့် နိုင်ငံတော်လုံခြုံရေး အဖွဲ့အစည်းများနှင့် အသွင်သဏ္ဌာန်တူသော ဝတ်စုံများဝတ်ခြင်းနှင့် ဥပဒေမဲ့ ငွေကြေးတောင်းခံခြင်း၊ အမှုများတွင် အမှုလိုက်အကျိုးဆောင်အဖြစ် လုပ်ကိုင်ခြင်း စသည့်ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ခြင်းတို့အပေါ် စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်များ ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့ ကြေညာထားပြီးဖြစ်သော်လည်း ဇွန် ၂၂ ရက် ည ၁၀ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာနေ ဦးအောင်ထွန်းသည် နားတောကျေးရွာနေ ဦးသိန်းရွှေ၊ ဦးစံတဲ၊ ဦးမောင်အုန်းတို့နှင့်အတူ နားတောကျေးရွာ မူလတန်းလွန်ကျောင်း စာရေးခုံများ ပြုပြင်ရန်အတွက် ပျဉ်တိုပျဉ်စ၊ ပျဉ်ဟောင်းများအား ပရိဘောဂဆိုင်သို့ပို့ရန် တုန်းဖုန်းယာဉ်ဖြင့် သယ်ဆောင်လာစဉ် ရှုထောင့် မှုခင်းသတင်းထောက်အမည်ပါဝတ်စုံ ဝတ်ဆင်ထားသူ တစ်ဦးအပါအဝင် စုစုပေါင်းလေးဦးတို့က ကား၊ ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး "အမှုလိုတယ်၊ ငွေမလိုဘူး၊ တာဝန်ရှိသူတွေကို ပိုက်ဆံပေးထားသလား" ဟု ပြောဆိုကာ ထောင် ၁၀ နှစ်အထိ ကျနိုင်သော ဥပဒေဖြင့် ဖမ်းဆီးမည်ဟု ခြိမ်းခြောက်၍ ဗန်းမောက်မြို့ မြနန္ဒာရပ်ကွက်ရှိ လိပ်စာမသိဆိုင်းဘုတ်ထောင်ထားသည့် အဆောက်အအုံအတွင်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ပျဉ်တိုပျဉ်စများ သယ်ဆောင်လာသူ ဦးအောင်ထွန်းတို့ အဖွဲ့အား အဆောက်အအုံအတွင်း၌ ထိုင်ခိုင်းကာ ဇော်လင်းထွန်းဆိုသူက ၎င်းသည် ခရိုင် သတင်းထောက်ဥက္ကဋ္ဌ ဖြစ်ကြောင်းပြောဆို၍ ဦးအောင်ထွန်း၏ လွယ်အိတ်ကိုရှာဖွေကာ "မင်းတို့ အဖမ်းမခံရအောင် ဘယ်လိုညှိမလဲ" ဟု ပြောဆိုခဲ့ကြောင်း၊ ဦးအောင်ထွန်းနှင့်အဖွဲ့က ငွေကျပ်တစ်သိန်းပေးသော်လည်း လက်မခံဘဲ ငွေကျပ်ငါးသိန်းပေးရန်ပြောသဖြင့် ငွေကျပ်ငါးသိန်း ထုတ်ပေးခဲ့ရကြောင်း၊ ဇော်လင်းထွန်းပါ လေးဦးအား အရေးယူပေးရန် ဦးအောင်ထွန်းက တိုင်တန်းခဲ့၍ ဇွန် ၂၃ ရက်တွင် ဗန်းမောက်မြို့မ ရဲစခန်းက အမှုဖွင့်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ရှိုင်းကိုကို၊ ဇော်လင်းထွန်း၊ မြင့်သူ(ခ)မြမိုး၊ မိုးကျော်ကျော်ဦး(ခ)ဥက္ကာမိုးတို့ကို တွေ့ရစဉ်။

ရဲတပ်ဖွဲ့မှစုံစမ်းစစ်ဆေးဖော်ထုတ်ချက်အရ ဇော်လင်းထွန်း ၃၃ နှစ် မြနန္ဒာရပ်ကွက် ဗန်းမောက်မြို့နေသူနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် မိုးကျော်ကျော်ဦး(ခ) ဥက္ကာမိုး ၄၁ နှစ်၊ ရှိုင်းကိုကို(ခ) ကိုရှိုင်း ၃၁ နှစ်၊ မြင့်သူ(ခ)မြမိုး ၃၆ နှစ်တို့ လေးဦးအား စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဇွန် ၂၅ ရက်တွင် အမှုဖြင့် ဖမ်းဆီးရမိခဲ့ပြီး တရားခံများထံမှ သက်သေခံငွေကျပ် ငါးသိန်း၊ အခင်းဖြစ်စဉ် ဝတ်ဆင်ခဲ့သည့် ဝတ်စုံအပါအဝင် ရှုထောင့်မှုခင်း SH တံဆိပ်ပါ ပိုကက်နှစ်လုံး၊ SH သတင်းထောက် လက်မောင်းတံဆိပ်ပါ အနက်ရောင်အကျႌနှစ်ထည်၊ ရှုထောင့်မှုခင်း SH တံဆိပ်ပါ အနက်ရောင်လက်တိုအကျႌနှစ်ထည်၊ အနက်ရောင်ဘောင်းဘီရှည်နှစ်ထည်၊ ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သော YGN-6F/ 8908 နံပါတ်ပါ NISSAN Primera အနက်ရောင် မော်တော်ယာဉ် တစ်စီးနှင့် PANGBO-125 နီနက်ကျား ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ ဥပဒေမဲ့ငွေကြေးတောင်းခံပြီး ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ကာ ရာဇဝတ်မှုကျူးလွန်ခဲ့သော ရှုထောင့် မှုခင်းသတင်းထောက်နှင့်အဖွဲ့ဝင်များ ဖြစ်သည့် ဇော်လင်းထွန်းပါ လေးဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | "မူပိုင်ခွင့်အကြောင်းသိကောင်းစရာ" (ဒေသထွက်ကုန်များကို အကာအကွယ်ပေးသည့် မူပိုင်ခွင့် အကြောင်း သိကောင်းစရာ) (အပိုင်း-၁) |
| ၉း၁၀ | ဘဒ္ဒန္တအဂ္ဂဓမ္မ(အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ)တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း |
| ၉း၂၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာ- ဂျိုး) |
| ၁၀း၃၀ | Catch Asia News |
| ၁၀း၄၅ | ပြည်သူ့နီတိ "ကံဆိုတာအလုပ်" (ဇာတ်သိမ်းပိုင်း) (ဖေယျာထက်နိုင်၊ သူရရွှေ၊ ဖော်ဝင်းမောင်၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၁း၃၀ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၂၀) |
| ၁၃း၀၀ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III)(ပွဲစဉ်-၃) (ရန်ကုန်မြို့)(ပထမပိုင်း) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၉) |

**ညပိုင်း**

| | |
|---|---|
| ၁၇း၀၅ | အနုပညာခန်းရိပ်သာ"အဆိုတော် မောင်သိန်းဝင်းနှင့်တွေ့ဆုံခြင်း" |
| ၁၇း၂၀ | သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ဝိညာဉ်စိမ်း" (ကျော်သူ၊ ရန်အောင်၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ကျော်ကျော်ဗိုလ်၊ မြင့်မြတ်၊ ဟိန်းဝေယံ၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ - ဝင်းထွန်းထွန်း) |
| ၁၇း၃၅ | MRTV Travelogue |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "မနှင်းဆီ၏သမိုင်း" [(အောင်မိုး၊ ခိုင်နှင်းဝေ၊ ပန်သုမြင့်မိုရ်၊ နေထက်မြင့်၊ အောင်ခန့်ပိုင်၊ ကျော်ကျော်) (ဒါရိုက်တာ- သိမ်းစိုး (သီဟရတနာ)] |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ"ဇနီးချောများကွန်ရက်" (အပိုင်း-၇) (ဖိုးသောကြာ၊ မေဘာရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရီလွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "မန္တလေး MSMES Micro Level ပထမဆုရ ကြယ်ငါးပွင့်ကြေးသွန်းလုပ်ငန်း" - "ကျောက်မျက်ရတနာ သင်တန်းကျောင်း" - ဂီတသမား၊ ဂီတစကား "ဖွားဖက်တော်တေးသီချင်း နှစ်ပုဒ်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) - နိုင်ငံခြားဇာတ်လမ်းတွဲ"မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း-၂၉) - ဟိုဘက်အိမ်ကမီးထိန်ထိန် (ဇော်ဦး၊ ဇင်ဝိုင်း၊ နေယံ၊ မေသဉ္ဇာဦး၊ ခင်မို့မို့အေး၊ သင်ဇာမြင့်မိုရ်) (ဒါရိုက်တာ - အောင်ဩဘာ) |
| ၁၂း၀၀ | ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Switzerland Vs Costa Rica) - အစီအစဉ်ပြီး၏။ |

## ဆိပ်မူကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပေါ်နေ၍ အရေးပေါ်အခြေအနေ သတိပေးထား

**ဖားကန့် ဇွန် ၂၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားများပြိုကျခဲ့ပြီး လူနေအိမ်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကာ အရေးပေါ်အခြေအနေအဖြစ် သတိပေးထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းတောင်ကျေးရွာ ရပ်ကွက် ၃ ၏ အနောက်ဘက်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားများပြိုဆင်းကာ ကမ်းပါးယံများ ပြိုကျမှုဖြစ်ပေါ်ခဲ့၍ တောင်ကမ်းပါးယံနှင့် တောင်ယာတွင်တည်ဆောက်ထားသည့် လူနေတဲနှစ်လုံးအား ဆိပ်မူအရန်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကာ မြေသားများလျှောကျမှုကြောင့် နေအိမ်လေးလုံးမှာ ယိုင်နဲ့မှုများဖြစ်ပေါ်ခဲ့သည်။

မြေသားများ ဆက်လက်ပြိုကျနိုင်သည့် အခြေအနေရှိခြင်းကြောင့် အရေးပေါ်အခြေအနေ သတိပေးထားပြီး ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်မီကူညီဆောင်ရွက်နိုင်ရန် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီခြောက်ခုမှ ဘက်ဟိုးယာဉ်ခြောက်စီး၊ မြေသယ်ယာဉ်ခြောက်စီးတို့ဖြင့် ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**




## ရေပူစစ်ဆေးရေးအဖွဲ့က တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၆**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇွန် ၂၅ ရက်က ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မီးသတ်ဆေးဘူး ၁၅၀ နှင့် I-com ၁၀၁ ခု စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅ သန်းကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၃ စီး၊ သွင်းကုန် ၉၃၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေ ကျပ် ၁၀ ဒသမ ၆၃၇ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၁၃၇ သန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၁၈၅ ပြားနှင့် လုပ်သေနတ်တစ်လက် သိမ်းဆည်းရမိ

**ဘားအံ ဇွန် ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဇွန် ၂၅ရက်က မူးယစ်ဆေးဝါးလေးမှု ဖမ်းဆီးခဲ့ရာ အမျိုးသားလေးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၁၈၅ ပြားနှင့် ဘောလ်ပင်ပုံသဏ္ဌာန် တစ်ထောင့်ထိုး လုပ်သေနတ်တစ်လက်နှင့် ကျည်သုံးတောင့် အပါအဝင် မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးရာတွင် အသုံးပြုသည့် မော်တော်ယာဉ်နှစ်စီးနှင့်ဆက်စပ် ပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

ဇွန် ၂၅ ရက် ည ၈ နာရီခွဲခန့်က အိန္ဒုနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကျော်ကိုနှင့်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု ပအိုဝ်းစုရွာနေ ခွန်စိန်သန်း(ခ)တရုပ်ဖြူ ၄၁ နှစ်၏နေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ခွန်စိန်သန်းကို စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြားနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ည ၉ နာရီခွဲခန့်က ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု ရွာမ(၅)ရပ်ကွက်နေ အောင်ကျော်သိန်း ၅၆ နှစ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဆေးပြား ၃၀၈၆ ပြားနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ ည ၁၀ နာရီခန့်က ဘားအံမြို့နယ် ကော့ကဒါ ကျေးရွာအုပ်စု ကော့တာကျေးရွာနေ စောကျော်မူး ၄၇ နှစ်၏နေအိမ်အား သက်သေများနှင့်ဝင်ရောက်ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ နှင့် COROLLA အမျိုးအစား ခဲရောင်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦးနှင့်အဖွဲ့က မူးယစ်ဆေးဝါးသတင်းအရ ဘားအံမြို့နယ် ခနိမ်းဒို-သာမည ရွာချင်းဆက်လမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် ည ၁၀ နာရီခွဲကျော်ခန့်က 7E/ ---- Honda Fit အမျိုးအစား အဖြူရောင်ယာဉ် မောင်းနှင်လာသူ အဝင်း(၄၁)နှစ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂ ပြားနှင့်အရှည် သုံးလက်မခွဲခန့်ရှိပြီး ဘောလ်ပင်ပုံသဏ္ဌာန် လုပ်သေနတ်တစ်လက်၊ ယင်းသေနတ်ဖြင့် ပစ်ခတ်ရသည့် ပွိုင့် ၃၂ ကျည်သုံးတောင့်တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူ ခွန်စိန်သန်း(ခ)တရုပ်ဖြူ၊ အောင်ကျော်သိန်း၊ စောကျော်မူးတို့ သုံးဦးနှင့် လက်နက်ကိုင်ဆောင်ကာ မူးယစ်ဆေးဝါးရောင်းချသူ အဝင်းတို့အား အိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊**
**ထွန်းထွန်းထွေး(ဘားအံ)**

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဎ) ပြည်ပရောက် မြန်မာနိုင်ငံသား သိပ္ပံပညာရှင်များနှင့် နိုင်ငံတကာ သိပ္ပံပညာရှင်များကို မြန်မာနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်လာစေရန် လိုအပ်သော အစီအမံများချမှတ်ခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(ဏ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသန စီမံကိန်းများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် နှစ်စဉ်လိုအပ်မည့် အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန် ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း၊

(ဓ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်၍ လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းရှင်းလင်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်မည့် ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(တ) ကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြခြင်း။

**အခန်း (၅)**

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၈။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများကို သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။

၉။ ကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မတီအလိုက် ခေတ်မီ သိပ္ပံနှင့်နည်းပညာရပ်များကို အသုံးချ ဆောင်ရွက်နေမှုများ၊ အခက်အခဲများ၊ လိုအပ်ချက်များ၊ ဖွံ့ဖြိုး တိုးတက်မှုအခြေအနေများကို စိစစ်လေ့လာခြင်း၊ မှတ်တမ်းများ ပြုစုခြင်းနှင့် နှစ်စဉ်တိုးတက်ဖွံ့ဖြိုးမှု အစီရင်ခံစာကို ကောင်စီသို့ တင်ပြခြင်း၊

(ခ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် လိုအပ်သောသုတေသန လုပ်ငန်းများကို ပူးပေါင်း ကူညီဆောင်ရွက်ပေးခြင်း၊ နည်းပညာ အခက်အခဲများကို ဖြေရှင်းပေးခြင်းနှင့် နည်းပညာ အကူအညီ များပေးခြင်း၊

(ဂ) နိုင်ငံတကာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် လိုက်ပါဆောင်ရွက် နိုင်စေရေးအတွက် လိုအပ်သော နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအမံ များ၊ စီမံချက်များရေးဆွဲခြင်းနှင့် ယင်းအစီအမံနှင့် စီမံချက်များ ကို ကောင်စီသို့တင်ပြခြင်း၊

(ဃ) ကောင်စီမှပေးအပ်သော နည်းပညာနယ်ပယ်ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(င) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုး ရေးလုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ်များနှင့် တီထွင် ဖန်တီးမှုများ တိုးတက်မြင့်မားရေးတို့အတွက် ရန်ပုံငွေထောက်ပံ့ရာ တွင် စိစစ်ရွေးချယ်ခြင်း၊ သုတေသနလုပ်ငန်းများ လက်တွေ့ထိရောက် မှု ရှိ၊ မရှိ စိစစ်ခြင်း၊ ထိန်းသိမ်းကွပ်ကဲခြင်းနှင့်အားပေးခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်အလိုက် ထူးချွန်သောပညာရှင်များ၊ တီထွင်သူများအား ရွေးချယ်သတ်မှတ် ရာတွင် ကောင်စီကို ကူညီဆောင်ရွက်ခြင်း။

**အခန်း (၆)**

**သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနဖွဲ့စည်းခြင်း**

၁၀။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၄) အရ ဖွဲ့စည်းခဲ့သော မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနကို သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီး ဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းရမည်။

၁၁။ ဦးစီးဌာနသည် မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရ မည်။

**အခန်း (၇)**

**သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၁၂။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စီးပွားရေးနှင့်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေ ရေးအတွက် အမျိုးသားအဆင့် အရည်အသွေးအခြေခံအဆောက် အအုံများ ကြံ့ခိုင်အားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများဖြင့် အဆင့်မီ ဓာတ်ခွဲ စမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့်အီလက်ထရောနစ် နည်းပညာ ရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ဓာတုနည်းပညာ၊ နာနိုနည်းပညာနှင့် အခြားသောနည်းပညာများ ကို အသုံးချ၍ တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပြု သတင်းအချက် အလက်များ၊ အကြံဉာဏ်များ ဖော်ထုတ်မျှဝေပေးနိုင်သည့်သုတေ သနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ အခြေခံသုတေသန လုပ်ငန်းများ၊ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများဆောင် ရွက်ခြင်း၊

(ဆ) ပြည်တွင်းစက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသော ကုန်ထုတ် လုပ်မှု နည်းပညာအခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်း ပေးနိုင်ရန် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) ဓာတ်ခွဲခန်းအဆင့်တွင် အောင်မြင်ပြီးစီးသော သုတေသနလုပ် ငန်းများကို ကုန်ထုတ်လုပ်မှုအဆင့်ရောက်ရှိစေရန် လိုအပ်သည့် ဖွံ့ဖြိုးမှုအဆင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဈ) စီးပွားဖြစ်ထွန်းမှု အလားအလာရှိသော သယံဇာတပစ္စည်းများ အသုံးချနိုင်မှုကို လေ့လာဖော်ထုတ်ခြင်း၊

(ည) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်း ပြည်ပ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ နှစ်စဉ်ကျင်းပခြင်း၊ တက် ရောက်ခြင်း၊ ပညာရှင်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ကောင်စီက ချမှတ်ထားသည့် မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) သဘာဝပတ်ဝန်းကျင်နှင့်လူကို မထိခိုက်စေသော နည်းပညာဖြစ် သည့် အစိမ်းရောင်နည်းပညာ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး၊ အစား အသောက်နှင့် ဆေးဝါးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များဆောင်ရွက်ခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဥယျာဉ်နှင့်ပြတိုက် များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဏ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ အကြံပေးမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သတင်းအချက်အလက်များ ပြုစု ထိန်းသိမ်းခြင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) ကောင်စီ သို့မဟုတ် ဝန်ကြီးဌာနက ပေးအပ်သော သိပ္ပံ၊ နည်း ပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ကောင်စီ၏ ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဒ) ကောင်စီနှင့် ကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ဦးစီးဌာနမှ ကျခံပေးခြင်း၊

(ဓ) ဦးစီးဌာန၏ အထွေထွေစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

**အခန်း (၈)**

**ဘဏ္ဍာငွေသုံးစွဲခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း**

၁၃။ ကောင်စီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ခွင့်ပြုထားသော သုတေသနလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များကို ဝန်ကြီးဌာနမှတစ်ဆင့် ရယူ ရမည်။

၁၄။ ကောင်စီသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သိပ္ပံနှင့်နည်းပညာ လူ့စွမ်းအားအရင်းအမြစ်များ၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်စီးပွားရေးကို အထောက်အကူပြု သော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(၁) ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၂) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများမှရရှိသည့် ငွေကြေးများ၊

(၃) ရန်ပုံငွေမှ တရားဝင်တိုးပွားမှုများ။

(ခ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်း ပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍သတ်မှတ်ပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

(ဃ) ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

၁၅။ ကောင်စီသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများ၏ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၊ ပုဂ္ဂလိက စက်မှုကုန် ထုတ်လုပ်ငန်းများနှင့် အခြားသုတေသနအဖွဲ့အစည်းများ၏ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စအမျိုးအစားအလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ရန်ပုံငွေမှ သင့်လျော်သလို ထောက်ပံ့နိုင်သည်-

(က) အမျိုးသားအဆင့် သုတေသနလုပ်ငန်းများ၊

(ခ) ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊

(ဂ) မျိုးဆက်သစ်လူငယ်များ ဆောင်ရွက်နေသည့် သုတေသန လုပ်ငန်းများ၊

(ဃ) ယှဉ်ပြိုင်မှုအခြေခံသော သုတေသနလုပ်ငန်းများ၊

(င) ပြည်တွင်း ပြည်ပ သုတေသန ပညာတော်သင်ဆု ချီးမြှင့်ခြင်းများ၊

(စ) နိုင်ငံတကာအဆင့်နှင့် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေး ပွဲများ၊ ညီလာခံများ၊ သင်တန်းများတက်ရောက်ခြင်းနှင့် ကျင်းပ ခြင်းဆိုင်ရာကိစ္စများ။

၁၆။ ကောင်စီသည် သိပ္ပံနှင့်နည်းပညာနယ်ပယ်မှ ထူးချွန်သောပညာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဆန်းသစ်တီထွင်ဖန်တီးသူများအား ထိုက် သင့်သည့်ဆုကြေးငွေ သတ်မှတ်ပြီး ဆုချီးမြှင့်နိုင်သည်။

**အခန်း(၉)**

**နည်းပညာလွှဲပြောင်းခြင်း**

၁၇။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၏ အောင်မြင်သော သုတေသနရလဒ်များ၊ အသိပညာ များနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ နည်းပညာများကို လွှဲပြောင်းနိုင်သည်။

၁၈။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ ပုဒ်မ ၁၇ အရ နည်းပညာလွှဲပြောင်းခြင်း ပြုရာတွင် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ချုပ်ဆိုရမည်။

၁၉။ နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ချုပ် ဆိုရာတွင် တည်ဆဲဥပဒေနှင့် ကောင်စီကချမှတ်ထားသော စည်းကမ်းချက်များ ကို လိုက်နာဆောင်ရွက်ရမည်။

၂၀။ ပုဒ်မ ၁၈ အရ နည်းပညာလွှဲပြောင်းခြင်းပြုရာတွင် အောက်ပါနည်း လမ်းတစ်ရပ်ရပ်နှင့်အညီ လွှဲပြောင်းနိုင်သည်-

(က) မည်သူ့ကိုမဆို အခမဲ့ အသုံးပြုခွင့်ပေးခြင်း၊

(ခ) အခကြေးငွေ ရယူပြီး နှစ်အကန့်အသတ်ဖြင့် အသုံးပြုခွင့်ပေးခြင်း၊

(ဂ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ရောင်းချခြင်း၊

(ဃ) ပြည်တွင်းမှ ပြည်ပသို့ဖြစ်စေ၊ ပြည်ပမှ ပြည်တွင်းသို့ဖြစ်စေ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(င) အသုံးပြု၍ ရရှိလာသော အကျိုးအမြတ်ပေါ် မူတည်၍ ရာခိုင် နှုန်းဖြင့် အသုံးပြုခွင့်ပေးခြင်း။

၂၁။ ပြည်တွင်း၌လည်းကောင်း၊ ပြည်ပမှလည်းကောင်း၊ ပြည်ပသို့ လည်း ကောင်း နည်းပညာလွှဲပြောင်းခြင်းနှင့်သက်ဆိုင်သော စည်းကမ်းချက်များ သည် တည်ဆဲဥပဒေနှင့် ကောင်စီကချမှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ဖြစ်စေရမည်။

၂၂။ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက နည်းပညာလွှဲပြောင်းခြင်းပြုရာတွင် သက်ဆိုင်ရာတီထွင်သူ သို့မဟုတ် လွှဲပြောင်းပေးသည့် နည်းပညာကိုဆန်းသစ် တီထွင်ဖော်ထုတ်ခဲ့သည့် အဓိကပါဝင်သူများ၏ သဘောတူခွင့်ပြုချက်ကို ရယူရမည်။

၂၃။ နည်းပညာလွှဲပြောင်းသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် နည်း ပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို သတ်မှတ် ချက်များနှင့်အညီ မှတ်ပုံတင်အရာရှိထံသို့ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၂၃ အရ မှတ်ပုံတင်ရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက နည်းပညာလွှဲပြောင်း ခြင်း သဘောတူစာချုပ်ကို မှတ်ပုံတင်ပြီး သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်ပြီးပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၅။ မှတ်ပုံတင်ရန် လျှောက်ထားချက်အပေါ် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ထိုသို့ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အယူခံမှုကို စိစစ်ပြီး မှတ်ပုံတင်အရာရှိ ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၇။ နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို မှတ်ပုံတင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ ကောင်စီ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် အထောက်အပံ့ အကူအညီ ရယူခွင့်ရှိသည်။

၂၈။ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသော နည်းပညာလွှဲပြောင်းခြင်း ဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်သည် တရားဝင်အတည်ဖြစ် သည်။

**အခန်း (၁၀)**

**အထွေထွေ**

၂၉။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၅/၉၄) အရ ထုတ်ပြန်ခဲ့သော အမိန့် ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင် သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင် သည်။

(ခ) ကောင်စီ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

၃၁။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၅/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ကြေးမုံ
ဇွန် ၂၇၊ ၂၀၁၈



## ပခုက္ကူမြို့တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**ပခုက္ကူ ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ပခုက္ကူမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ပခုက္ကူတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့အတွင်းရေးမှူး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး၊ ဝတ္ထုတို၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ဗဟိုအဆင့် ကိုးဦး၊ တိုင်းဒေသကြီးအဆင့် ၃၃ ဦးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များ၊ ကူညီဆောင်ရွက်ပေးသော ရပ်မိရပ်ဖများအား လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ပြသထားသော ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပခုက္ကူတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီနှင့် မေလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ၃၂ မှု၊ တရားခံ အမျိုးသား ၅၅ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ စိတ်ကြွဆေးပြား ၁၃၃၀၂၂ ပြား၊ ဆေးခြောက် ၇၅ ဒသမ ၈၇ ဂရမ် သိမ်းဆည်းရမိခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေနှင့် ဇွန် ၁၅ ရက်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အနေဖြင့် ၄၄ မှု၊ တရားခံ အမျိုးသား ၆၁ ဦး၊ အမျိုးသမီး ၁၀ ဦး၊ စိတ်ကြွဆေးပြား ၂၈၀၇၀၊ ဆေးခြောက် ၇၀ ဒသမ ၈ ဂရမ်၊ အိုက်စ် ၃၆၀ ဒသမ ၁ ဂရမ် သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပခုက္ကူ)**

## နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးရေး ကိုရီးယားသမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှုအဖွဲ့ မန္တလေးအမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေ

**အောင်မြေသာစံ ဇွန် ၂၆**

မြန်မာ-ကိုရီးယား ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးဖော်ရွေမှုရှိစေရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးက စီစဉ်ကျင်းပသည့် ကိုရီးယားသမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှုအကအဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲကို ဇွန် ၂၅ ရက် ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး HE.Mr. Lee Sang Hwa က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကိုရီးယားရိုးရာယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင် Mr.Hyon HaengBok က ကိုရီးယားရိုးရာယဉ်ကျေးမှုအနုပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံဂျယ်ဂျူကျွန်းဆွယ်ဒေသမှ ဂျယ်ဂျူဒိုရစ်ရိုးရာယဉ်ကျေးမှုအဖွဲ့က ငြိမ်းချမ်းရေးဆုတောင်းပွဲ၊ AbakDance၊ ကိုရီးယားရိုးရာစကဝန်းအက၊ Dance of Army Instruction Jack and Gill အက၊ Jeji Play အက၊ ကြက်တူရွေးအက၊ Cheoyong Dance၊ ပင်လယ်ပျော်မိန်းကလေးအက၊ ဗုံကြီးနှင့် ဗုံသေးအကတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာနှင့် ကျောင်းသား ကျောင်းသူများ၊ နိုင်ငံခြားဘာသာ တက္ကသိုလ် ကိုရီးယားဘာသာအထူးပြု ကျောင်းသား ကျောင်းသူများ၊ အနုပညာချစ်မြတ်နိုးသူများ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



## မိုင်းယုမြို့ရှိ ကျေးရွာလေးရွာမှ အိမ်ခြေ ၁၄၆ လုံး ၂၄နာရီလျှပ်စစ်မီးရရှိ

**မိုင်းယု ဇွန် ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ရှိ ၂၄ နာရီ လျှပ်စစ်ဓာတ်အားကိုမိုင်းဖြတ် နဂါးသတ္တုတူးဖော်ရေးကုမ္ပဏီမှ တာဝန်ယူ ဓာတ်အားဖြန့်ဖြူးပေးထားခြင်း ဖြစ်ပြီး အဆိုပါ ဓာတ်အားမှတစ်ဆင့် မိုင်းလွေကျေးရွာ အုပ်စုရှိ မိုင်းလွေ၊ ဝမ်ယမ်းခမ်း၊ ဝမ်ဇလီနှင့် ဝမ်ပေါက်ကျေးရွာတို့သို့ လျှပ်စစ်မီး ချိတ်ဆက်ပို့လွှတ်ခြင်းကို ဇွန် ၂၃ ရက်က စတင်ပို့လွှတ်ခဲ့ရာ ပြည်သူများ ၂၄ နာရီလျှပ်စစ်မီး ရရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာများသို့ ၂၄ နာရီလျှပ်စစ်မီး ရရှိစေရန်အတွက် ရှမ်းပြည်နယ်အစိုးရ၏ ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၂၆၆ ဒသမ ၂၆ သန်းဖြင့် အကုန်ကျခံကာ ၁၁ ကေဗွီလိုင်း ၄ ဒသမ ၇ မိုင်၊ ၄၀၀ ဗို့လိုင်း ၁ ဒသမ ၇ မိုင်နှင့် ၅၀ ကေဗွီအေ ဓာတ်အားခွဲရုံ လေးရုံတို့တည်ဆောက်ပြီးစီးခဲ့ပြီး မိုင်းဖြတ်နဂါး သတ္တုတူးဖော်ရေးကုမ္ပဏီမှ တာဝန်ယူ ဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းမှတစ်ဆင့် ၎င်းလိုင်းများနှင့် ဓာတ်အားခွဲရုံသို့ လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရယူလျက် ဓာတ်အားပို့လွှတ်ပေးခဲ့၍ မိုင်းလွေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ အိမ်ခြေ ၁၄၆ လုံးအတွက် ၂၄ နာရီ လျှပ်စစ်မီး အပြည့်အဝအသုံးပြုနိုင်ပြီဖြစ်သည်။

အဆိုပါကျေးရွာများမှ ပြည်သူများသည် ယခင်က တစ်အိမ်နှစ်အိမ်သာအသုံးပြုနိုင်သည့် ရေအားလျှပ်စစ်ဒိုင်နမိုစက်များဖြင့် ချောင်းမြောင်းများတွင် တပ်ဆင်ကာ လျှပ်စစ်မီးကိုရယူအသုံးပြုနေရခြင်း၊ အချို့ မိသားစုဝင်များမှာ ဆိုလာမီးများကိုသာ အသုံးပြုနေရပြီး ရာသီဥတုအလိုက် ချောင်းရေ မြောင်းရေများမှာ ကြီးမြင့်ခြင်း၊ ခန်းခြောက်ခြင်းနှင့် ရာသီဥတု သာယာမှုမရှိခြင်း စသည်တို့ကြောင့် လျှပ်စစ်မီးပြတ်တောက်သည့် ဒုက္ခများ ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါ ၂၄ နာရီ လျှပ်စစ်မီးအား အပြည့်အဝအသုံးပြု နိုင်ပြီဖြစ်၍ ဝမ်းသာမိပါကြောင်း မိုင်းလွေကျေးရွာ ပြည်သူတစ်ဦးက ပြောသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**လွိုင်ကော် ဇွန် ၂၆**

၂၀၁၈ ခုနှစ် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုကိုယ်စား ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ က အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး(ဗဟို)အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှပေးပို့သော သဝဏ်လွှာကို ကယားပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကြီးဝင်းကြည်က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် ကွန်ပျူတာ၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်ရဲတပ်ဖွဲ့မှ ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၆၉ မှု တရားခံ အမျိုးသား ၁၂၄ ဦး၊ အမျိုးသမီး၁၅ ဦး၊ ဘိန်း သုည ဒသမ ၂၈၇၇၆ ကီလိုဂရမ်၊ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလိုဂရမ်၊ ခပ်ပုံ သုည ဒသမ ၀၀၉ ကီလိုဂရမ်၊ ဆေးခြောက် သုည ဒသမ၀ ၅ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၇၈၈ ပြား၊ ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ မူးယစ်ဆေးဝါးအမှုပေါင်း ၂၄ မှု၊ တရားခံ အမျိုးသား ၄၀၊ အမျိုးသမီးငါးဦး၊ ဘိန်းစိမ်း ၆ ဒသမ ၃၇၂၃ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၂၀ ဖမ်းဆီးရမိပြီး မှုခင်းကျဆင်းရေးနှင့် မူးယစ်အသိပညာပေးဟောပြောပွဲဆောင်ရွက်မှုများမှာ ၂၀၁၇ ခုနှစ်အတွင်း ၅၆၈ ကြိမ်၊ အင်အား ၄၅၆၂၀ ကို အသိပညာပေးဟောပြောနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ပညာပေးဟောပြောပွဲ ၅၃ ကြိမ်၊ အင်အား ၃၅၃၀ ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်းညဏ်လင်းထွဋ်**

## မြစ်သားမြို့နယ်အတွင်း တမံ၊ ရေလွှဲဆည်များ မကျိုးပေါက်မပျက်စီးစေရန်နှင့် ကြံ့ခိုင်မှုအချိန်နှင့်တစ်ပြေးညီ စိစစ် ကွင်းဆင်းစစ်ဆေး

**မြစ်သား ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားတမံနှင့် ရေလွှဲဆည်များ၊ ရေပေးအဆောက်အအုံများအား မိုးရာသီအတွင်း၌ကျိုးပေါက်ပျက်စီးမှုများမှ ကာကွယ်ရန်နှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ဇွန်လဒုတိယပတ်တွင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကင်းတားရေလှောင်တမံ၊ ကင်းတား၊ နတ်လှွဲ၊ မယ်ဇယ်ပင်သာ၊ ကျီးမဲ၊စမာ၊ သစ်တက်ကုန်းရေလွှဲဆည်များနှင့် ဆည်မြောင်း ရေပေးရေးအဆောက်အအုံများ၏ ရေပေးဝေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားရှိမှု၊ မိုးရာသီကာလများတွင် ဆည်မြောင်း ရေပေးရေးအဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ထားရှိမှုနှင့် ဌာနမှဆောင်ရွက်လျက်ရှိသည့် ထိန်းသိမ်းလည်ပတ်ခြင်း လုပ်ငန်းများကိုအလေးထားကြီးကြပ်စီမံဆောင်ရွက်သွားကြရန် မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများအား မှာကြားသည်။

**ကြီးကြပ် စီမံဆောင်ရွက်**

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် နွေစပါး၊ မိုးစပါးအတွက် ရေပေးဝေပြီး ရေကြိုတင်ထိန်းညှိလျက်ရှိကြောင်း၊ ကင်းတားတမံနှင့် ရေလွှဲဆည်များ အပါအဝင် အခြားဆည်မြောင်း ရေပေးရေး အဆောက်အအုံများကိုလည်း မိုးရာသီကာလအတွင်း ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိပြီး ၂၄ နာရီ ရေကင်းများတာဝန်ချထားကာ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများနှင့် အမြဲချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကင်းတားတမံ၏ ကန်ရေပြည့်အမှတ်မှာ RL(၆၈၀)ပေဖြစ်ပြီး ယခုလက်ရှိရေမှတ်မှာ RL(၆၄၁ ဒသမ ၁၄) ဖြစ်သည့်အတွက် ကန်ရေပြည့်ရန် (၃၈ ဒသမ ၈၆)ပေ လိုအပ်နေသေးကြောင်း ဦးစီးအရာရှိ(တမံ) ဦးထင်ကျော်လင်းထံမှ သိရသည်။

**ရဲဝင်းထွန်း (မြစ်သား)**



# မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး အမြို့မြို့အနယ်နယ်တွင် ကျင်းပ

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သိမ်းဆည်းရမိ မူးယစ်ဆေးများ၏တန်ဖိုးကျပ်သိန်းပေါင်း တစ်သိန်းခွဲကျော်ဖိုး မီးရှို့ဖျက်ဆီး

**အောင်မြေသာစံ ဇွန် ၂၆**

(၃၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီးပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဝတ္ထုတို၊ ‌တေးသီချင်း၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဗဟိုအဆင့်(အလွတ်တန်း)နှင့် ဗဟိုအဆင့်(အထက်တန်း၊ အလယ်တန်း၊ မူလတန်း) အဆင့်များတွင် ဆုရရှိသူများအား မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာပြည်အထက်ပိုင်းဒေသများမှ ဖမ်းဆီးရမိခဲ့ပြီး မီးရှို့ဖျက်ဆီးမည့်မူးယစ်ဆေးဝါးများ၊ စိတ်ကြွရူးသွပ်ဆေးများ၊ ထိန်းချုပ်ဓာတုဆေးဝါးများကို ကြည့်ရှုစစ်ဆေးပြီး မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးခဲ့သည်။

မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ဘိန်း ၂၅၅ ဒသမ ၄၃ ကီလို၊ ဘိန်းဖြူ၄၄ ဒသမ ဝ၈ကီလို၊ ဘိန်းဆီခဲ၄၄ ဒသမ ၂၆ကီလို၊ အဆင့်နိမ့်ဘိန်း ၃ ဒသမ ၄၂ကီလို၊ ဘိန်းရည် ၃၅ ဒသမ ၉၈လီတာ၊ ဘိန်းဖြူရည် သုည ဒသမ ဝ၃လီတာ၊ ကဖင်း ၃၈ ဒသမ ၉၉ကီလို၊ ဆေးခြောက် ၃၂ ဒသမ ၆၁ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၁၃၁၇၈ ပြား၊ စိတ်ကြွရူးသွပ်ဆေး အကြေ သုည ဒသမ ၂၃ကီလို၊ ဆူဒိုအက်ဖီဒရင်း အမှုန့် ၈ ဒသမ ၉၉၁ကီလို၊ အိုက်စ်သုည ဒသမ ၆၇ကီလို၊ အက်တက်စီဆေးပြား ၁ ဒသမ ၁၂ ကီလို၊ ဗျူပရီနော်ဖင်းဆေးပြား ၁၄၃၈ ကတ်၊ ဒိုင်ရာဇီပင်ဆေးပြား ၁၆၇၈ ကတ်၊ ဒိုင်ရာဇီပင်ထိုးဆေး ခုနစ် ပုလင်း အပါအဝင် ထိန်းချုပ်ဓာတု ဆေးဝါးများ စုစုပေါင်း ကျပ် ၁၅၂၉၁၅ ဒသမ ၄၁ သိန်း (အမေရိကန် ဒေါ်လာ ၁၁၃ စီး ၂၇သိန်း)ဖိုး မီးရှို့ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ကရင်ပြည်နယ်၌ တစ်နှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၂၀ မှ တရားခံ ၇၇၉ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့

**ဘားအံ ဇွန် ၂၆**

ကရင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်ထိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် အမှုပေါင်း ၅၂၀ မှ အမျိုးသား တရားခံ ၆၅၂ ဦး၊ အမျိုးသမီး တရားခံ ၁၂၇ ဦး စုစုပေါင်း ၇၇၉ ဦးတို့ ဖမ်းဆီးနိုင်ခဲ့သည်။ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ သိန်းကျော်၊ စိတ်ပြောင်းဆေးဝါးထိုးဆေးအလုံး ၄၀၀၀၊ အိုက်စ် ၂ ဒသမ ၆၅ ကီလို၊ ဘိန်းစာရွက် ၂၄၅၀ ဂရမ်၊ လက်နက်မျိုးစုံ ၃၁ လက်၊ လက်ပစ်ဗုံး ၂၆ လုံး၊ ကျည်မျိုးစုံ ၄၁၀ တောင့်၊ လက်လုပ်မိုင်း တစ်လုံး၊ မော်တော်ယာဉ် အစီး ၇၀၊ ဆိုင်ကယ် ၁၃၇စီး၊ မြန်မာငွေကျပ် ၁၈၆ သိန်းကျော်၊ ထိုင်းဘတ် ခုနစ်သောင်းကျော်တို့နှင့် အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ဇွန်ယနေ့ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် (၃၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားမှ သိရသည်။



အခမ်းအနားတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားကာ ဘားအံတက္ကသိုလ် ကျောင်းသားများ၏ YOUTH POWER လူငယ့်စွမ်းအားအဖွဲ့မှ တစ်ခန်းရပ်ပြဇာတ်၊ အထက ၄ ဘားအံမှ စတုတ္ထတန်းကျောင်းသူ မသစ်သစ်သာက ပုံပြင်ဖြင့် တင်ဆက်ဖျော်ဖြေသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမျိုးမင်းနောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးကြည်လင်းတို့က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ စာစီစာကုံး၊ ကျပန်းစကား ပြောပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် တစ်နှစ်တာအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်သူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသူများက ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ခင်းကျင်းပြသထားသည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲ ဆုရလက်ရာများ၊ မူးယစ်ဆေးဝါးအသိ ပညာပေးပြခန်း၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်ပိုစတာများ၊ မှုခင်းပညာပေးပြခန်းနှင့် ပညာပေးယာဉ်တို့အား ကြည့်ရှုလေ့လာခဲ့ကြကြောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် မူးယစ်ဆေးဝါး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**တာချီလိတ်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် အထိမ်းအမှတ်အကြိုပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၉ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ကျင်းပသည်။

ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက မူးယစ်ဆေးဝါး သုံးစွဲခြင်းဖြင့် ရရှိလာသည့် ဆိုးကျိုးများနှင့် မူးယစ်ဆေးစွဲရောဂါအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်မှု ပြခန်းအား တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

**မယ်စဲ့**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူငယ်တွေ စာဖတ်ဖို့လိုပြီ ခေါင်းစဉ်ဖြင့် တာဝန်ရှိသူများက ဆွေးနွေးဟောပြောကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူလတန်းအထက်ဆင့်နှင့် အလယ်တန်းအဆင့်ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကိုပြသရာ တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

**ငပုတော**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

ထို့နောက်အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသောအခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင်ဆုရရှိသူများအား တာဝန်ရှိသူများကဆုများအသီးသီးပေးအပ်ခဲ့သည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

**ရန်ကုန်**

ဗိုလ်တထောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ၊ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဗိုလ်တထောင်မြို့နယ် အထက ၆ အောင်ကျော်ခန်းမ၌ ကျင်းပသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူး သက်နိုင်ဦးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် အကြောင်းအရာများကို ဟောပြောဆွေးနွေးရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

**ဒေးဒရဲ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန်၂၆ ရက်က ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က ဖတ်ကြားသည်။

ထို့နောက် ဒေးဒရဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဝင်းနိုင်ထွန်းနှင့် မြို့နယ်ဥပဒေအရာရှိ ဦးဘိုဘိုမင်းတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့် တိုက်ဖျက်ရေးဆိုင်ရာကဏ္ဍများကို ဟောပြောဆွေးနွေးကြပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ဒေးဒရဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တက်ရောက်လာသူများအား သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး ဇွန် ၂၆**

"Training Workshop on Ecosystem Functions and Services in Integrated Water Resources Management" ခေါင်းစဉ်ဖြင့် ဖွင့်လှစ်သည့် သင်တန်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့် ရေးဌာနခွဲ (ITC) ပဲခူးမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လွင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ITC) ညွှန်ကြားရေးမှူးဒေါ်အေးအေးလှိုင်က သင်တန်းဖွင့်မိတ်ဆက်စကားပြောကြားခဲ့သည်။ ထို့နောက် နယ်သာလန်နိုင်ငံ သံရုံးမှ Water Counsellor ဖြစ်သော Dr. Armand EVERS က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် နယ်သာလန်နိုင်ငံအစိုးရတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး Myanmar Water Partnership, Global Water Partnership, UNESCO IHE Delft, WWF အစရှိသည့် အဖွဲ့အစည်းအများမှလည်း ပူးပေါင်းပါဝင်ခြင်းဖြစ်ကြောင်း သိရသည်။




သင်တန်းတွင် ရေသယံဇာတအသုံးချမှုနှင့်သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ သင်တန်းသား၊သင်တန်းသူ ၃၂ ဦးနှင့် စိတ်ပါဝင်စား၍ လေ့လာသူများလည်း တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

## သတင်းအတိုအထွာ ၂၆-၆-၂၀၁၈

### ကမ္ဘာ့ဘိလိယက်နှင့် စနူကာ လူရွေးချယ်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် လူရွေးချယ်ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဘိလိယက်၊ စနူကာ၊ စနူကာ အသက်(၄၀) ကျော်၊ စနူကာ (အမျိုးသမီး) ပြိုင်ပွဲလေးမျိုးအတွက် လူရွေးချယ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ရုံး ဖုန်း ၀၉-၄၅၀၀၄၀၀၀၃နှင့် ၀၉-၉၅၄၅၀၄၀၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သက်မှူး**

### လက်ကမ်းစာစောင်များဖြန့်ဝေ

ရထားရဲတပ်ဖွဲ့ အမှတ် ၁၂ တပ်ခွဲ၊ တပ်စု ၂ တိုးကြောင်ကလေးမှ တပ်စုမှူး ဒုရဲအုပ်သန်းအေးဦးစီးသော တပ်ဖွဲ့ဝင်များသည် တိုးကြောင်ကလေးဘူတာ ဂိတ်တာဝန်ကျ ဦးပြည့်ဖြိုးလွင်နှင့် ပူးပေါင်း၍ ဇွန် ၂၄ ရက် နံနက် ၁၁ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် သွားလာပို့ဆောင်ရေးဂိတ်အမှတ် ၁ ရထားသံလမ်းကူးဂိတ်၊ ကားလမ်းမိုင်တိုင်အမှတ် ၇/၁-၂ ကြား Level Crossing တွင် ရထားနှင့်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ ထော်လာဂျီ တိုက်မိသည့် ဖြစ်စဉ်များ၊ ရထားပေါ်မှ ပြုတ်ကျသည့်ဖြစ်စဉ်များ၊ ရထားပေါ်မှ (သို့) ရထားပေါ်သို့ ခုန်တက်ခြင်းကြောင့် မတော်တဆ ဖြစ်စဉ်များ လျော့နည်းပပျောက်စေရေးနှင့် ရထားခဲပေါက်မှု မဖြစ်ပွားစေရေးတို့အတွက် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **၁၁၈**

### ပျိုးပင်ပေါင်း ၅၀၀၀ ကျော်စုပေါင်းစိုက်ပျိုး

ကန့်ဘလူမြို့နယ် ကာဘိုးဒေသ စိမ်းလန်းစိုပြည်ရေးအတွက် တန့်ဆည်မြို့နယ် အက်တောကျေးရွာမှ ကာဘိုး-ဇီးကုန်းမြို့အထိ ကျေးရွာချင်းဆက် ကားလမ်းမတစ်လျှောက် လမ်းဘေး ဝဲ၊ ယာနှင့် ကာဘိုးဆည် မူးဘောင်လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တို့တွင် သစ်ပင်ပေါင်း ၅၀၀၀ ကျော်ကို တစ်ပင်နှင့် တစ်ပင် ၁၀ ပေခွာ၍ ဇွန် ၂၅ ရက်နံနက် ၉ နာရီက စတင်ကာ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ပြွန်တန်ဆာမြို့ မျက်စိဆေးရုံကြီး၌ မျက်စိဝေဒနာရှင် ၁၀၀၀ ကျော်အား အခမဲ့ခွဲစိတ်ကုသ

**ညောင်လေးပင် ဇွန် ၂၆**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ တည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်ပြွန်တန်ဆာမြို့ရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မျက်စိရောဂါများကုသပေးရာတွင် သီတဂူဆရာတော်ကြီး၏သြဝါဒကို ခံယူကာ ဇမ္ဗူအေးတောရ (အင်းဝိုင်း) ဆရာတော်၏ လမ်းညွှန်မှုဖြင့် သီတဂူ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြအောင်ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများက စစ်ဆေးကုသပေးပြီး အဆိုပါဆေးရုံသို့ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦး မြို့နယ်နှင့် ရွှေကျင်မြို့နယ်အပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျက်စိဝေဒနာရှင်များ လာရောက်ကုသကြသည်။

ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက် စမ်းသပ်ကုသပေးခြင်းဖြစ်ကာ မျက်စိစမ်းသပ်ကုသလူနာ ၁၄၀၄ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၈၆ ဦး ကုသ ပေးနိုင်ခဲ့ပြီး မျက်စိဆေးရုံကြီးစဖွင့်သည်မှ ယခုစတုတ္ထအကြိမ်ထိ မျက်စိ စမ်းသပ်ကုသလူနာ ၅၆၄၈ ဦးနှင့် မျက်စိခွဲစိတ်ကုသလူနာ ၁၀၀၆ ဦး မျက်စိအလင်း အလှူပေးပြီးဖြစ်ကြောင်းသိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## ပြည်သူ့အကျိုးပြုလုပ်ငန်းများ ထီးချိုင့်တွင်ဆောင်ရွက်

**ထီးချိုင့် ဇွန် ၂၆**

ထီးချိုင့်မြို့အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ ဆေးရုံးတွင် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးတို့အတွက် ဇွန် ၂၄ ရက် နံနက် ၇ နာရီကမြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်နှင့် အခြေခံ ပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘဝင်းနှင့်ဝန်ထမ်းများ၊ ရဲမှူးလှမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာန ဒေါက်တာဝင်းထွန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးဦးဖြိုးညွန့်မောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၅၀ တို့သည် စုပေါင်းသန့်ရှင်းရေးဆောင် ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**




သြစတြေးလျသရုပ်ဆောင်မင်းသား လီယမ်ဟမ်းစ်ဝို့သ်နဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်တို့ဟာ မင်းသားရဲ့ ဇာတိမြေဖြစ်တဲ့ မလီဘူးမှာ တိတ်တဆိတ် လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း လတ်တလောမှာတော့ ကောလာဟလတွေ ပေါ်ထွက်လျက်ရှိတယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လိုက်ဖ်အန်စတိုင်မဂ္ဂဇင်းက မိုင်လီဆိုင်းရပ်စ်နဲ့ လီယမ်ဟမ်းစ်ဝို့သ်တို့ မလီဘူးမှာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း ဦးစွာရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီမဂ္ဂဇင်းမှာ ဖော်ပြချက်အရ ကြယ်ပွင့်မောင်နှံဟာ တိတ်တဆိတ်လက်ထပ်ထားခဲ့တာဖြစ်ကြောင်း၊ စေ့စပ်ခဲ့ပြီးနောက် နှစ်နှစ်အကြာမှာ မင်္ဂလာပွဲကျင်းပခဲ့တာဖြစ်ကြောင်း သိရပါတယ်။

မလီဘူးမှာရှိတဲ့နေအိမ်မှာ မင်္ဂလာပွဲကျင်းပခဲ့တာဖြစ်ပြီး ပတ်ဝန်းကျင်ကတောင် မင်္ဂလာအခမ်းအနားကို သတိမမူမိတာ ဖြစ်ပါတယ်။ ကလေးတွေကတော့ ခြံဝန်းထဲမှာ ပြေးလွှားကစားနေကြပြီး ဒီမင်္ဂလာပွဲကို လီယမ်ရဲ့ မိသားစုတွေအပြင် မိုင်လီဆိုင်းရပ်စ်ရဲ့ မိဘနှစ်ပါးစလုံး တက်ရောက်ခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ လီယမ်ဟမ်းစ်ဝို့သ်နဲ့ ညီအစ်ကိုတွေဖြစ်ကြတဲ့ သရုပ်ဆောင် ခရစ်ဟမ်းစ်ဝို့သ်နဲ့ လုခ်ဟမ်းစ်ဝို့သ်တို့လည်း တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။ ဒီမင်္ဂလာပွဲမှာ မိုင်လီဆိုင်းရပ်စ်ဟာ ပန်းပွင့်တွေလွှမ်းခြုံထားတဲ့ အဖြူရောင်သတို့သမီးဝတ်စုံကိုဝတ်ဆင်ထားပြီး ပရိသတ်တွေအတွက် "Island in the Stream" တေးသီချင်းကို ကိုယ်တိုင်သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။

လတ်တလောပေါ်ထွက်လာခဲ့တဲ့ သတင်းနဲ့ပတ်သက်ပြီး ကာယကံရှင်တွေဘက်က တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိသေးပါဘူး။ သူတို့နှစ်ဦးဟာ ၂၀၁၂ ခုနှစ်အတွင်း စေ့စပ်ကြောင်းလမ်းခဲ့ကြပြီး တစ်နှစ်အကြာမှာတော့ လမ်းခွဲခဲ့ကြပါတယ်။ အဲဒီနောက် ၂၀၁၆ ခုနှစ်အတွင်း နောက်တစ်ကြိမ် အချစ်ခရီးဆက်ခဲ့ကာ ပြန်လည်စေ့စပ်ခဲ့ကြတာ ဖြစ်ပါတယ်။

## ဝင်ဘာလေမှာ တေလာဆွစ်နဲ့အတူ တွဲဖက်ဖျော်ဖြေခဲ့တဲ့ ရော်ဘီဝီလီယမ်

ဗြိတိန်ရဲ့ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ရော်ဘီဝီလီယမ်ရဲ့ ဝင်ဘာလေကွင်းမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်နဲ့ တွဲဖက်ဖျော်ဖြေခဲ့ပါတယ်။ ဂရမ်မီဆုများရှင် တေလာဆွစ်အနေနဲ့ ရော်ဘီဝီလီယမ်ရဲ့ ဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေခဲ့တဲ့အပေါ် ပရိသတ်တွေ အံ့အားသင့်ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရော်ဘီဝီလီယမ်ဟာ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်ပြီး ယခုနှစ်ရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားမှာ ပါဝင်ဖျော်ဖြေပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဗြိတိန်ရဲ့ အလွန်ကိုကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ သူ့ရဲ့ ဖျော်ဖြေပွဲမှာတော့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်နဲ့အတူ တွဲဖက်ဖျော်ဖြေခဲ့တာပါ။ ဒါ့အပြင် တေလာဆွစ်က ရော်ဘီဝီလီယမ်ရဲ့ ကျော်ကြားတဲ့ တေးသီချင်း "Angels"ကို ပြန်လည်သီဆိုခဲ့ပြီး စန္ဒရားတီးကာ ဖျော်ဖြေပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

တေလာဆွစ်က ရော်ဘီဝီလီယမ်ရဲ့ ဖျော်ဖြေပွဲမှာ နှစ်ဦးသား တွဲဖက်ဖျော်ဖြေနေစဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာပါ။ ရော်ဘီဝီလီယမ်ကလည်း တေလာဆွစ်နဲ့ သူ့ရဲ့ ပူးပေါင်းဖျော်ဖြေမှုအမှတ်တရပုံရိပ်တွေကို သူ့ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေအရ ရော်ဘီဝီလီယမ်က တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် "Reputation" ရဲ့ ဓာတ်ပုံနဲ့ စာသားတွေပါဝင်တဲ့ တီရှပ်ကို ဝတ်ဆင်ဖျော်ဖြေခဲ့တာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ တေလာဆွစ်ဟာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်နေတာ ဖြစ်ပါတယ်။ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေအနက် နောက်ဆုံးပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ တေလာဆွစ်ဟာ ဗြိတိန်ရဲ့ အလွန်ကိုကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နီးလ်ဟော်ရန်ကို ဧည့်သည်အဖြစ် ဖိတ်ကြားဖျော်ဖြေခဲ့စေတာကိုလည်း တွေ့ရပါတယ်။ အဖွဲ့လိုက်လှုပ်ရှားမှုတွေ ရပ်နားပြီး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် စတင်ခဲ့တဲ့ နီးလ်ဟော်ရန်က သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်း "Slow Hands"ကို တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲမှာ ပါဝင်သီဆိုပေးခဲ့ကြောင်း သိရပါတယ်။



**အေးပြည့် ရေးသားသည်**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

နိုင်လင်းကြည်






## ကမ္ဘာ့ဖလားမှာစံချိန်သစ်တင်ခဲ့တဲ့ အင်္ဂလန်

အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားအုပ်စုအဆင့် ဒုတိယပွဲစဉ်မှာ ပနားမားကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲဟာ အင်္ဂလန်အသင်းအတွက်တော့ ကမ္ဘာ့ဖလားမှာ စံချိန်သစ်တင်နိုင်ခဲ့တယ်လို့ဆိုရမှာပါ။ ဘာလို့လဲဆိုရင် အဲဒီပွဲစဉ်သွင်းဂိုးတွေကြောင့် အင်္ဂလန်အသင်းဟာ နှစ်ပွဲကစားအပြီးမှာ သွင်းဂိုးရှစ်ဂိုး အထိ စုဆောင်းထားနိုင်ခဲ့တဲ့အပြင် နောက်တစ်ဆင့်ကိုလည်း အုပ်စုပထမနဲ့ တက်လှမ်းဖို့ရေပန်းစားနေခဲ့တာလည်းဖြစ်ပါတယ်။ အင်္ဂလန်အသင်းနဲ့ ပနားမားအသင်းတို့ရဲ့ ပွဲစဉ်မှာတော့ နောက်ထပ်မှတ်တမ်းသစ်တစ်ရပ်ရေးထိုးနိုင်ခဲ့ တာကတော့ တိုက်စစ်မှူး ဟယ်ရီကိန်းပါ။ ဟယ်ရီကိန်းဟာ အဲဒီပွဲစဉ်မှာ ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့တာမို့ ကမ္ဘာ့ဖလားမှာ သူ့ရဲ့ပထမဆုံးဟက်ထရစ်သွင်းဂိုးလည်းဖြစ်ခဲ့သလို နှစ်ပွဲပေါင်းဟယ်ရီကိန်းရဲ့သွင်းဂိုးက ငါးဂိုးအထိရှိထားခဲ့တာကြောင့် ကမ္ဘာ့ဖလားရွှေဖိနပ်ဆုရရှိဖို့လည်း နီးစပ်နေခဲ့ပါပြီ။ လက်ရှိကမ္ဘာ့ဖလားမှာ ဟယ်ရီကိန်းက ငါးဂိုးသွင်းထားပြီး စီရိုနယ်လ်ဒိုနဲ့ လူကာကူတို့က လေးဂိုးစီသွင်းယူထားကြတာဖြစ်ပါတယ်။ ဟယ်ရီကိန်းဟာ ငါးဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ၂၀၀၆ ကမ္ဘာ့ဖလားနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတို့မှာ ရွှေဖိနပ်ဆုရရှိထားကြတဲ့ ဂျာမနီကြယ်ပွင့်တွေဖြစ်တဲ့ ကလိုဆေးနဲ့ သောမက်မူလာတို့ရဲ့ သွင်းဂိုးတွေနဲ့ တူညီသွားတာပဲဖြစ်ပါတယ်။

## အင်္ဂလန်နဲ့ပွဲမှာကစားသမား ၁၀ ဦးအထိ အပြောင်းအလဲလုပ်မယ့် မာတီနက်ဇ်

ဘယ်လ်ဂျီယံအသင်းဟာ အင်္ဂလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ကမ္ဘာ့ဖလားအုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မှာ ကစားသမား ၁၀ ဦးအထိ အပြောင်းအလဲလုပ်ဖို့ရှိတယ်လို့ တူနီးရှားကို အနိုင်ရရှိခဲ့ပြီးချိန်မှာ နည်းပြမာတီနက်ဇ်က ပြောကြားခဲ့ပါတယ်။ အဲဒါဟာလည်း ဘယ်လ်ဂျီယံအသင်းအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ သေချာနေပြီဖြစ်တာမို့ ၁၆ သင်းအဆင့်မှာ ရလဒ်ကောင်းတစ်ခုပိုင်ဆိုင်ဖို့ ရည်ရွယ်ပြီး ကစားသမားအပြောင်းအလဲလုပ်ဖို့စီစဉ်ထားတာဖြစ်တယ်လို့ မာတီနက်ဇ်က ဆိုပါတယ်။ အင်္ဂလန်အသင်းနဲ့ ပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းနဲ့ ကွန်ပနီပါဝင်လာမှာ ဖြစ်ပြီး ကွန်ပနီဟာ ဒဏ်ရာပြဿနာကြောင့် အုပ်စုအဆင့်ကစားခဲ့ပြီးတဲ့နှစ်ပွဲလုံးနဲ့ လွဲခဲ့ရသူပါ။ တိုက်စစ်မှူး လူကာကူနဲ့ အေဒင်ဟာဇက်တို့ကတော့ အင်္ဂလန်နဲ့ပွဲစဉ်မှာ လွဲချော်ဖို့ရှိပါတယ်။ ဒီကစားသမားနှစ်ဦးဟာ တူနီးရှားအသင်းနဲ့ပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းအတွက်ဂိုးသွင်းယူပေးနိုင်ခဲ့ပေမယ့် လူကာကူက ခြေချင်းဝတ်ဒဏ်ရာနဲ့ အေဒင်ဟာဇက်ကတော့ ခြေသလုံးဒဏ်ရာရရှိထားတာဖြစ်ပါတယ်။ လက်ရှိမှာ နောက်တစ်ဆင့်အတွက် သေချာခဲ့ပြီဖြစ်ပေမယ့် အုပ်စုပထမနေရာနဲ့ ဘယ်လ်ဂျီယံအသင်း တက်လှမ်းနိုင်မလားဆိုတာကတော့ အင်္ဂလန်နဲ့ ကစားမယ့် အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်က အဖြေထုတ်ပေးမှာဖြစ်ပါတယ်။



## ဆော်ဒီကိုရှုံးပြီး ကမ္ဘာ့ဖလားမှ ထွက်ခဲ့ရတာကြောင့် အီဂျစ်အသင်းကို အယ်လ်ဟာဒါရီတောင်းပန်

အီဂျစ်ဂိုးသမား အယ်လ်ဟာဒါရီဟာ ဆော်ဒီအာရေဗျအသင်းနဲ့ ပွဲစဉ်မှာ ပင်နယ်တီကာကွယ်နိုင်ခဲ့ပေမယ့် ဆော်ဒီအာရေဗျအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရတာကြောင့် အီဂျစ်အသင်းကို တောင်းပန်စကားဆိုခဲ့ပါတယ်။ အယ်လ်ဟာဒါရီဟာ ပထမပိုင်းမှာ အယ်လ်မူဝေါလက်ရဲ့ ပင်နယ်တီသွင်းဂိုး ကာကွယ်နိုင်ခဲ့ပေမယ့် ဒေါ်ဆာရီရဲ့ အနိုင်ဂိုးသွင်းယူမှုကိုတော့ ကာကွယ်နိုင်ခဲ့ခြင်း မရှိခဲ့တာဘဲဖြစ်ပါတယ်။ အဲဒါကြောင့် အီဂျစ်က ဆော်ဒီအာရေဗျကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ရတာပါ။ အယ်လ်ဟာဒါရီသည် အသက် ၄၅ နှစ်ကျော်ပြီဖြစ်တာကြောင့် အခုရုရှားကမ္ဘာ့ဖလားမှာ အသက်အကြီးဆုံး ကစားသမားလည်းဖြစ်ပါတယ်။ အားလုံးအမှန်တကယ်ကြိုးစားခဲ့ကြပေမယ့် ကံမကောင်းခဲ့ပါဘူးလို့လည်း အယ်လ်ဟာဒါရီက ဆိုပါတယ်။ ဆော်ဒီအာရေဗျ အသင်းနဲ့ ပွဲစဉ်မှာ တိုက်စစ်မှူး ဆာလာကတော့ ကမ္ဘာ့ဖလား အမှတ်တရ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီသွင်းဂိုးဟာ အီဂျစ်အသင်းအတွက် နောက်တစ်ဆင့်တက်ဖို့ အခွင့် မသာခဲ့တာမို့ ပြိုင်ပွဲကနေစောစီးစွာပဲအီဂျစ်တို့ ထွက်ခဲ့ရတာလည်းဖြစ်ပါတယ်။

## စီရိုနယ်ဒို ပေါ်တူဂီနဲ့အတူ ပင်နယ်တီရယူနိုင်မှု ၅၀ ရာခိုင်နှုန်းသာရှိခဲ့

တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ အီရန်အသင်းနဲ့ ပွဲစဉ်မှာ ရရှိလာခဲ့တဲ့ ပင်နယ်တီကို ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခြင်း မရှိခဲ့တာကြောင့် ပေါ်တူဂီအသင်းနဲ့ အဓိကပြိုင်ပွဲတွေကစားတိုင်းမှာ စီရိုနယ်လ်ဒိုရဲ့ ပင်နယ်တီအောင်မြင်မှုဟာ ၅၀ ရာခိုင်နှုန်းသာရှိခဲ့တယ်လို့ သိရပါတယ်။ စီရိုနယ်လ်ဒိုဟာ နိုင်ငံအသင်းအတွက်ရော ကလပ်အသင်းအတွက်ပါ အားထားရတဲ့ကစားသမားဖြစ်ပေမယ့် အခုကမ္ဘာ့ဖလားလို အဓိကပြိုင်ပွဲတွေမှာဆို ပင်နယ်တီသွင်းယူနိုင်မှု ၅၀ ရာခိုင်နှုန်းပဲရှိခဲ့တာပါ။ စီရိုနယ်လ်ဒိုဟာ ၂၀၀၆ ကမ္ဘာ့ဖလားတုန်းက အီရန်ဘက်ကို ပင်နယ်တီကနေ ဂိုးသွင်းနိုင်ခဲ့သလို အခု ၂၀၁၈ ကမ္ဘာ့ဖလားမှာလည်း စပိန်အသင်းနဲ့ ပွဲစဉ်မှာ ပင်နယ်တီကနေ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပြင်သစ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဩစတြီးယားဘက်ကို သွင်းယူခွင့်ရရှိခဲ့တဲ့ ပင်နယ်တီနဲ့ အခု အီရန်အသင်းနဲ့ ကစားခဲ့တဲ့ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်မှာတော့ ပင်နယ်တီလွဲခဲ့ရတာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုပင်နယ်တီကနေ ဂိုးမရခဲ့ပေမယ့် သရေတစ်မှတ်ရရှိခဲ့တာကြောင့် ရမှတ်ငါးမှတ်နဲ့ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။ အခုလိုတက်လှမ်းနိုင်ခဲ့တာဟာ ပေါ်တူဂီအသင်းအတွက် အုပ်စုအဆင့်ကနေ သူတို့ရဲ့သမိုင်းမှာ လေးကြိမ်အထိတက်လှမ်းနိုင်ခဲ့တာဖြစ်ပြီး ၁၉၆၆၊ ၂၀၀၆၊ ၂၀၁၀ နဲ့ အခု ၂၀၁၈ ကမ္ဘာ့ဖလားတို့မှာပဲဖြစ်ပါတယ်။

## ဆွစ်ဇာလန်ကစားသမားသုံးဦးကို ဖီဖာဒဏ်ရိုက်

ဆွစ်ဇာလန်အသင်းနဲ့ ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလား အုပ်စုအဆင့်ပြိုင်ပွဲမှာ ဆွစ်ဇာလန် ကစားသမားသုံးဦးဖြစ်တဲ့ ဇာကာ၊ လစ်စတိန်းနား၊ ရှာကီရီတို့ဟာ အယ်လ်ဘေးနီးယားနိုင်ငံ သင်္ကေတဖြင့် အောင်ပွဲခံခဲ့တာကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပေါင် ၁၉၀၀၀ ဒဏ်ရိုက်ခဲ့ပါတယ်။ အဲဒီကစားသမား သုံးဦးဟာ ဆားဘီးယားအသင်းဘက်ကို ဂိုးသွင်းပြီး အောင်ပွဲခံခဲ့ချိန်မှာ အယ်လ်ဘေးနီးယားနိုင်ငံအလံပေါ်မှာ ထားရှိတဲ့ လင်းယုန်ငှက်နှစ်ကောင်ရဲ့ ဦးခေါင်းနှစ်ခုပုံစံအောင်ပွဲခံခဲ့တာဖြစ်ပြီး အဲဒီလိုအောင်ပွဲခံခဲ့တာကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဒဏ်ရိုက်ခဲ့တာပါ။ ဇာကာနဲ့ ရှာကီရီတို့ကို ပေါင် ၇၅၀၀ စီဒဏ်ရိုက်ခဲ့တာဖြစ်ပြီး လစ်စတိန်းနားကိုတော့ ပေါင် ၄၀၀၀ ဒဏ်ရိုက်ခဲ့တာဖြစ်ပါတယ်။ ဇာကာ၊ရှာကီရီနဲ့ လစ်စတိန်းနားတို့ကို အဲဒီလို ဒဏ်ရိုက်ခဲ့ပေမယ့် ကမ္ဘာ့ဖလား ကစားခွင့်တော့ ပိတ်ပင် တားမြစ်ထားခြင်းတော့ မရှိသေးပါဘူး။



# အထူးကျေးဇူးတင်လွှာ

၂၀၁၈ခုနှစ်၊ မေလ(၁၉)ရက်နေ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဆဋ္ဌမအကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်အပူဇော်ခံကြခဲ့သော အင်ဂျင်နီယာ/ဗိသုကာပညာရှင်ကြီး (၂၉၇)ဦးတို့အားလည်းကောင်း၊ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အလှူငွေပေးအပ်ပေးပါသော ဦးဟန်ဇော် ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဇနီး ဒေါ်သွင်သွင်အေးမှီတို့အားလည်းကောင်း၊ Platinum အဆင့် အလှူရှင်များဖြစ်ကြသော ဆည်မြောင်းနှင့်ရေအသုံးချမှုနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဒေါက်တာခင်မောင်ထွန်း ထက်လင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ Asia World Company Limited၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ လမ်းဦးစီးဌာနဝန်ထမ်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အား လည်းကောင်း၊ Gold အဆင့် အလှူရှင်များဖြစ်ကြသော ဦးမင်းထိန် ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနဝန်ထမ်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အားလည်းကောင်း၊ Silver အဆင့်အလှူရှင်များဖြစ်ကြသော ဦးအောင်မြင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဇနီး ဒေါ်အုန်းမြင့်၊ ဦးတင်လတ်(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)၊ Chairman, Seezar Soesan၊ Chairman, Chindwin College၊ ဦးမြင့်ဇော် ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆောက်အအုံ ဦးစီးဌာန၊ ဦးဝင်းနိုင် Chairman, WEG Co.,Ltd၊ ဦးအုန်းလွင် ညွှန်ကြားရေးမှူးချုပ်(လမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဇနီး ဒေါ်ခင်မေသန်း၊ Nanova Co.,Ltd၊ ဦးကြည်ဇော်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေးရာ)နှင့် ဝန်ထမ်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံ ဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ တပ်မတော်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန၊ MIC Project Assessment Committee, MES၊ Myanmar International Consultanting Engineers Group (MICEG), MES၊ စစ်ဦးစီးမှူး၊ စက်မှုလက်မှုအရာရှိချုပ်နှင့် တပ်မတော်(ရေ)၊ အင်ဂျင်နီယာမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာနတို့အား လည်းကောင်း၊ သီးခြားအလှူရှင်များဖြစ်ကြသော မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ (ဦးသန်းမြင့်) Past President၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဇနီး ဒေါ်ခင်သိန်းကြည်၊ ဦးသိန်းဇော် ညွှန်ကြားရေးမှူးချုပ်(အဆောက်အအုံ ဦးစီးဌာန) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ Hteik Thet Htun Group Construction Co.,Ltd၊ ဒေါ်သစ်သစ်အောင် ဒုတိယညွှန်ကြားရေးမှူး(တံတား)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးရွှေလေး ညွှန်ကြားရေးမှူးချုပ် (တံတားဦးစီးဌာန)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးခင်သက် ညွှန်ကြားရေးမှူးချုပ်(ကျေးလက်)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးအောင်မြတ်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ်(တံတား)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ Amigos Co.,Ltd၊ ဒေါ်ခင်မြတ်နွယ်၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ ဦးကျော်စန်ဝင်း နာယက၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဦးကိုကိုကြီး ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဦးခင်မောင်ငွေး ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Chairman-Water & Wastewater Works Co.,Ltd နှင့်ဇနီး ဒေါ်စန္ဒီလွင်၊ ဦးအုန်းမြင့် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဇနီး ဒေါ်စီမာဝင်း၊ ဦးအောင်မြင့်-ဒေါ်ခင်ဆွေဦး(ဗဟိုကော်မတီဝင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)၊ Building Engineering Institute Committee, MES၊ Special Project Committee-MES၊ ဦးခင်စိုး B.E(Civil)၊ ဦးခင်မောင်ကျော် ဒုတိယညွှန်ကြားရေးမှူးချုပ်(လမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးအောင်မြင့်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ်(လမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးခင်မောင်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(တံတား)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးဝဏ္ဏဇော် ဒုတိယညွှန်ကြားရေးမှူးချုပ်(ကျေးလက်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးမျိုးမြင့် အင်ဂျင်နီယာချုပ်(အဆောက်အအုံ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးကျော်ကောင်းချို အင်ဂျင်နီယာချုပ်(တံတား)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးသန်းမြင့် အင်ဂျင်နီယာချုပ်(လမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒေါ်ယဉ်ယဉ်ဆွေ ညွှန်ကြားရေးမှူး(တံတား)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးလှငွေး တွဲဖက်အကျိုးဆောင်စာရင်းစစ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့အားလည်းကောင်း၊ ကျပ်(၁)သိန်းအောက် အလှူရှင်များအားလည်းကောင်း၊ ဒေါက်တာချာလီသန်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ဝိုင်းဝန်းကူညီကြသော ဝန်ထမ်းများအားလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုကော်မတီဝင်များ၊ မျိုးဆက်သစ်အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**

## ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဥ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေးစနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀ ) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ်( ၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှကြည် (၈၇)နှစ်

**လှယမင်းပုံနှိပ်တိုက်၊**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကမာရွတ်မြို့နယ်အဖွဲ့ဝင်**

ကျောက်တန်းမြို့နယ်၊ ဆင်မကော်ကျေးရွာနေ (ဦးသိန်းမောင်-ဒေါ်စိမ်းခင်)တို့၏ သမီး၊ ဟင်္သာတမြို့နယ်နေ (ဦးလှ-ဒေါ်ထား)တို့၏ သမီးချွေးမ၊ (ဦးသန်းညွန့်-ဒေါ်အေးငြိမ်း)၊ (ဦးသောင်း)-ဒေါ်သန်းသန်းအေး၊ ဦးငွေစိုး၊ ဦးဝင်းဆွေ-မယဉ်ယဉ်အေး၊ ဦးစိုးမင်းတို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွား၊ (ဦးစံရွှေ)၏ဇနီး ဒေါ်လှကြည်သည် ၂၅-၆-၂၀၁၈ (တနင်္လာနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၇ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ (၁)လမ်း၊ အမှတ်(၁၈၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်သန်း(ကူမဲမြို့)

**အ. ထ. က(၂)၊ အလုံ (ငြိမ်း)**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အမှတ်(၆၂)၊ မြေညီထပ်(A)နေ (ဦးဘလေး-ဒေါ်အုန်းမေ)တို့၏သမီး၊ (ဦးဉာဏ်အောင်)၏ဇနီး၊ ဦးသန်းငွေအောင်၊ ဒေါ်မျိုးမျိုးအောင် (အ. ထ. က၊ ရေစိုမငေးစု)၊ ဒေါ်မိုးမိုးအောင် (အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)တို့၏မွေးသမိခင်၊ မဆုမြတ်မျက်ခြယ်၏အဘွား ဒေါ်ကြင်သန်းသည် ၂၆-၆-၂၀၁၈ ရက် ညနေ ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၈(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစန်းမောင်

**အသက် (၈၃)နှစ်**

ကိုဇော်ဖြိုးဝေ-မဇင်မာဖြိုး၊ ကိုကောင်းချမ်းမြေ့-မစန်းသိင်္ဂီဖြိုး၊ ကိုရဲမင်းဖြိုး-မစန်းသိင်္ဂီမျိုး၊ ကိုမျိုးသက်ထွန်း-မသင်းရနံ့ထွေး၊ ကိုကျော်ကိုကိုထွန်း-မနိုမီမျိုးနောင်တို့၏ဖခင် ဦးစန်းမောင် အသက် (၈၃)နှစ်သည် ၂၄-၆-၂၀၁၈ ရက် နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်နိုင်-ဒေါ်စန်းယုမော်(မိသားစု)**

**(ခေတ္တ-စင်ကာပူ)**

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးချန်ထွန်း(ရဲမှူး-ငြိမ်း)

**အသက် (၈၆)နှစ်**

ပဲခူးမြို့နေ (ဦးရွှေဒွန်း-ဒေါ်သက်တင်)တို့၏သား၊ ဝေါမြို့နေ (ဦးလွင်-ဒေါ်သင်းယုံ)တို့၏သားသမက်၊ ပဲခူးမြို့နေ (ဦးကြည်-ဒေါ်ထွန်း)၊ (ဦးညွန့်မောင်-ဒေါ်ညွန့်)၊ ဝေါမြို့နေ (ဦးညိုဦး-ဒေါ်ညွန့်ခင်)တို့၏ ညီ/မောင်၊ ပဲခူးမြို့နေ (ဦးလှထွန်း)၊ (ဦးသိန်းထွန်း)-ဒေါ်သိန်းရီ၊ ဒေါ်ခင်ထွန်းတို့၏ အစ်ကို၊ (ဦးထွန်းထွန်း) - မသီတာထွန်း၊ ဦးအောင်ဇော်-ဒေါ်မြတ်မြတ်ထွန်း (Victory Transportation Services) တို့၏ဖခင်၊ မသန့်သဥ္ဇာနွယ်၊ မောင်အာကာမိုးထွန်းတို့၏အဘိုး၊ ဒေါ်တင်ရီ၏ခင်ပွန်းသည် ၂၅-၆-၂၀၁၈ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၈ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ ရက် နံနက်တွင် သာကေတမြို့နယ်၊ ရတနာပုံ (၂)လမ်း၊ ၁၀/မြောက်၊ အမှတ် (၁၅၈-ဘီ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကိုသိန်းကျော်ထိုက်

**အသက် (၃၉) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ် (၅)နေ (ဦးစန်းမြိုင်-ဒေါ်မြသန်းဦး)တို့၏သား၊ မနီလာစမ်း၊ မသီတာစမ်း၊ မောင်သက်ချိုဦး-မမာလာစမ်းတို့၏မောင်၊ မအေးမြကြည်၏ ချစ်လှစွာသော်ခင်ပွန်းသည် ၂၅-၆-၂၀၁၈ ရက် ည ၇း၃၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေးမေ(နန်းမား) (၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၁၈၀)၊ ရေတာရှည်လမ်းဟောင်း အနောက်ရွှေဂုံတိုင်လမ်းနေ (ဦးရှောင်တင်-ဒေါ်ချွန်းရီ)တို့၏သမီး၊ ဒေါ်ချစ်မေ၏တူမ၊ ဒေါ်အေးမေသည် ၂၆-၆-၂၀၁၈ ရက် နံနက် ၁၀း၃၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်မြင့်မြင့်ရှိန်(အထပြ-ငြိမ်း)

**အထက(၅)မြောင်းမြ၊အထက(၆)အလုံ**

**အသက်(၇၉)နှစ်**

**မြောင်းမြမြို့**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄၃)၊ (၇)လမ်း၊ ရှစ်လွှာနေ (ဦးမြရှိန်-ဒေါ်နုနု)၊ ဒေါ်ကျင်သန်းတို့၏ သမီးကြီး၊ (ဗိုလ်မှူးနီဝင်း-ငြိမ်း)၊ ဒေါ်အေးအေးသင်း၊ (ဦးစစ်လှဦး)-ဒေါ်ထားထားလေး၊ (ဦးနိုင်ဝင်း)၊ ဦးဖေခိုင်ဝင်း-ဒေါ်အေးသီတာခိုင်တို့၏အစ်မကြီး၊ ဒေါ်မြင့်မြင့်ရှိန်သည် ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၂း၃၀ နာရီတွင် အမှတ် (၂၁)၊ မင်းလမ်း၊ စမ်းချောင်း (နေအိမ်)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)**

**သက်ကြီးပူဇော်ကန်တော့ခံပုဂ္ဂိုလ်**

### ဒေါ်မြင့်မြင့်ရှိန် (၇၉)နှစ်

**အထက-၅၊ မြောင်းမြ၊**

**အထကပြ(ငြိမ်း)**

**အထက-၆၊ အလုံ ရန်ကုန်**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီး ပူဇော်ကန်တော့ခံပုဂ္ဂိုလ် ဒေါ်မြင့်မြင့်ရှိန်သည် ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများထံ အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်ကြည်ကြည်(ပုသိမ်) အသက်(၁၀၀)

**(ယိုးဒယားကုန်း)**

ပုသိမ်မြို့နေ (ဦးမောင်ကလေး-ဒေါ်လှ)တို့၏ သမီး၊ (ဦးပိန်းကြည်)၏ဇနီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)ရပ်ကွက်၊ အမှတ်(၆၇၅)၊ သပြေလမ်းနေ (ဦးအုန်းညွန့်)-ဒေါ်လှလှကြည်၊ ဦးကိုကိုကြည်-(ဒေါ်ခင်မာလွင်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသင်းဒေလီကို၊ မမေအုန်းညွန့်ကြည်၊ မောင်အောင်မျိုးသန့်၊ မောင်ပြည့်စုံထူးကို၊ မောင်ပြည့်ဖြိုးငြိမ်းတို့၏ အဘွားသည် ၂၅-၆-၂၀၁၈ (တနင်္လာနေ့) ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရှုတီ(ခ)ဒေါ်ချန်ရှုတီ(ပဲခူးမြို့)

**အသက် (၈၇) နှစ်**

လှည်းကူးမြို့နေ (ဦးလင်ငါး-ဒေါ်လှ)၊ ပဲခူးမြို့နေ (ဦးထွန်း-ဒေါ်ကြွေယား)တို့၏သမီးချွေးမ၊ လှည်းကူးမြို့နေ (ဦးယုကြည်-ဒေါ်ရှုခင်)တို့၏ညီမ၊ ဦးရင်ကီး-ဒေါ်သန်းကြည်၊ ဒေါ်စွမ်တီ၊ (ဦးကုတ်ကီး)-ဒေါ်သန်းစိုးတို့၏အစ်မ၊ ပဲခူးမြို့၊ ပန်းလှိုင်(၂၄)လမ်း၊ အမှတ်(၁၀၉)နေ ဦးသိန်းလှိုင်၊ ဦးသိန်းနိုင်(ခ)ဦးအားစိန်၊ ဒေါ်ဥမ္မာ(စင်ကာပူ)၊ ဒေါ်သင်းသင်းမော်၊ ဒေါ်ကြည်ကြည်မြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ [ဦးကျော်မြင့်(ခ)ဦးကတုံး]၏ ချစ်လှစွာသောဇနီးသည် ၂၅-၆-၂၀၁၈(တနင်္လာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးကျော်မြဝင်း(M.B.,B.S-RGN)

**အောင်ပန်းမြို့၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအတွင်းရေးမှူး**

**အသက် (၇၇) နှစ်**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်၊ အမှတ်(၁၆)၊ L.Win(သောက်ရေသန့်)နေ (ဦးစိန်ကျော်-ဒေါ်အေးမြ)တို့၏သားကြီး၊ ဒေါ်မြစောယု၏ခင်ပွန်း၊ (ဦးကျော်အောင်)-ဒေါ်မြသန်း၊ ဦးကျော်မြသိန်း-ဒေါ်တင်တင်နု၊ ဦးကျော်မြလွင်-ဒေါ်နန်းလှတို့၏အစ်ကို၊ ကိုဝင်းရှိန်းမြတ်- မစမ်းစမ်းအေး၊ ကိုသိုက်ရှိန်းလတ်တို့၏ဖခင်၊ မကြာညိုလင်း(ခ)မမြေးရှား၏အဘိုးသည် ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မင်းဂူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်မြ

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်ဟောင်း(၁)၊ အခန်း(၁၀)နေ (ဦးမောင်တင်-ဒေါ်သောင်းညွန့်)တို့၏ သမီး၊ (ဦးခင်မောင်မြင့်)၏ဇနီး၊ ဦးခင်မောင်ရင်-(မနော်)၊ ဦးစိုးထွန်း-ဒေါ်နုနုဝေ၊ ဦးခင်မောင်လွင်-ဒေါ်နွဲ့နွဲ့ဌေး၊ ဦးခင်မောင်အေး-ဒေါ်သူဇာမြင့်၊ ဦးခင်မောင်ချို-ဒေါ်ရွှေစင်ချို၊ ဦးရဲအေး-ဒေါ်မိုးကလျာဦးတို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၅-၆-၂၀၁၈ရက် ညနေ ၅း၁၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုဖြိုးမောင်မောင်ကျော်(ခ)ကိုဖြိုး(မန္တလေး)

**B.A (History)**

**TN Air Con Service**

**အသက် (၃၅) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်းသာအိမ်ရာ၊ တိုက်(B-၁)၊ အခန်း(၄၀၆)နေ (ဦးကျော်မြင့်)-ဒေါ်သွင်သွင်အောင်(MPE-ငြိမ်း)တို့၏သားကြီး၊ ဦးကျော်မောင်မောင်ကျော်(SANLI Environmental Myanmar Co.,Ltd)-ဒေါ်ခင်သန္တာဦးတို့၏အစ်ကိုသည် ၂၅-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၁၄ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်လှဌေး (၅၈)နှစ်

**(အလယ်တန်းပြ-ငြိမ်း)**

**ကျွန်းတော၊ ကချင်ပြည်နယ်၊**

**မိုးကောင်းမြို့**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၄၃)နေ (ဦးညွန့်ဆွေ)-ဒေါ်ရင်နုတို့၏ သမီးကြီး၊ ဦးဝင်းနောင်၏ညီမ၊ ဦးအောင်မြင့်၊ ဦးမြင့်စိုး၊ ဒေါ်မျိုးမျိုးဆွေ၊ ဦးဝင်းနိုင်(ခေတ္တ-U.K)-ဒေါ်ရီရီမြင့်တို့၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ် ဒေါ်ခင်လှဌေးသည် ၂၅-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၃း၄၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအောင်မြင့် အသက်(၈၀)

**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**

**လုပ်သားများလုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း**

**အလုပ်သမားဝန်ကြီးဌာန**

အမှတ်(၁၂၉)၊ လမ်း(၃၀) အလယ်ဘလောက်၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်မြမြ (အောင်မြန်မာလျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး)၏ ခင်ပွန်း၊ ဒေါ်မို့မို့အောင်၊ ဦးမောင်မောင်အောင်၊ ဦးညီညီအောင်-ဒေါက်တာသန့်စင်နွယ် (ဒဂုံတက္ကသိုလ်)၊ ဗိုလ်ကြီးအောင်အောင်(တေဇ-၂၅)-ဒေါ်မီမီအောင်မြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၈ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၈ (တနင်္လာနေ့)တွင် အမှတ် (၁၂၉)၊ ဒုတိယထပ်၊ လမ်း(၃၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

တစ်ဘဝရုပ်သိမ်းချုပ်ငြိမ်းတော်မူခြင်း

တွဲဖက်ရွှေကျင်သာသနာပိုင်

## မတ္တရာသူဌေးဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာနိတသိရီဘိဝံသ မဟာထေရ်

## သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာနာယကရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မတ္တရာသူဌေးကြီးဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာနိတသိရီဘိဝံသ သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ် သည် (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်)၊ ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၃း၃၀ နာရီတွင် တစ်ဘဝချုပ်ငြိမ်းရုပ်သိမ်းတော်မူရာ (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်)၊ ၂၉-၆-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ အန္တိမဈာပနသာဓုကီဠနသဘင်ကျင်းပ၍ ရုပ်ကလာပ်တော်ကို အေးရိပ်ငြိမ်သုသာန်သို့ ပင့်ဆောင်ပြီး ထင်း၊ နံ့သာတို့ဖြင့် မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါသောကြောင့် တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးအဖွဲ့ မဟာဝိသုဒ္ဓါရုံတိုက်သစ်

## အနိစ္စ

### ဦးလှ(ခ)လှုလျောင်ကီး

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၁၀)လမ်းတို၊ အမှတ်(၄)နေ (ဦးဆင့်ဝမ်-ဒေါ်အောင်ကောင်း)တို့၏ ဒုတိယသား၊ (ဦးစံထွန်း-ဒေါ်ကျင်မြိုင်)တို့၏ညီ၊ (ဒေါ်ကြည်လှိုင်)၏ခင်ပွန်း၊ (ဦးအေးမြင့်-ဒေါ်ခင်ဝင်းသူ)၊ ဦးသိန်းနိုင်-ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်မြင့်မြင့်ကြည် (အလပြ-ငြိမ်း)၊ (ဦးသက်အောင်)-ဒေါ်စန်းစန်းခိုင်၊ ဦးမိုးဝေစိုး-ဒေါ်မြင့်မြင့်ရီ၊ ဦးကြီးမြင့်-ဒေါ်မြင့်မြင့်လှိုင်၊ ဦးအောင်နိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁း၀၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးဖုကျန့် တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ချစ်ရင်(ဖန်းမော်မြို့)

**ကျန်းမာရေးဆရာမ(ငြိမ်း)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၄)၊ ကျိုတော်လမ်းနေ (ဦးစိုးတင့်)၏ဇနီး၊ ဖန်းမော်မြို့၊ ညောင်ပင်ရပ်မြောက်ပိုင်းနေ (ဦးပြူး-ဒေါ်ချမ်းမြ)တို့၏သမီး၊ (ဦးကိုကိုကြီး-ဒေါ်ချစ်စိန်)၊ ဒေါ်ချစ်တင်၊ (ဒေါ်ချစ်ချစ်၊ ဒေါ်ခင်ချစ်)တို့၏ ညီမ/အစ်မ၊ ဒေါ်စောယု၊ ဒေါ်ထားယု၊ (ဦးကျော်ဇေယျ)-ဒေါ်အေးအေး၊ ဗိုလ်ကြီးအောင်ကျော်စိုး(ငြိမ်း)-ဒေါ်မော်မော်၊ ဒေါ်ထွေးထွေးယုတို့၏ မွေးသမိခင်၊ ဗိုလ်မှူးလှိုင်ဘွားထွန်း-ဒေါ်ဝတ်ရည်ဖြိုး၊ ဦးလွင်ထူး-ဒေါ်ခင်နန်းစိုး၊ မနှင်းဦးလွင်၊ မဖူးပွင့်ဖွန့်တို့၏ အဘွား၊ မောင်အာကာဗိုလ်၏ ဘွားဘွားကြီး ဒေါ်ချစ်ရင်သည် ၂၅-၆-၂၀၁၈ ရက် နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

### ဦးထွန်းလှ(ခ)ဦးကြင်စွမ်

**အသက် (၈၁)နှစ်**

**သစ်စာရင်းကိုင်(၄)၊**

**မြန်မာ့သစ်လုပ်ငန်း-ငြိမ်း**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ တမံကြီးကျေးရွာနေ (ဦးဘိုးသစ်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးဝိုက်-ဒေါ်မယ်သိမ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈)၊ သုံးလွှာ(ဘီ)နေ ဒေါ်အေးကြည်၏ ခင်ပွန်း၊ (ဒေါ်ကြင်ရွှေ)၊ (ဒေါ်ကြင်မြ)၊ ဦးကြင်ဟန်-ဒေါ်ကြင်မြင့်တို့၏ ညီ/မောင်၊ (ဒေါ်ကြင်လှ)၊ (ဦးကြင်ဝမ်-ဒေါ်ညွန့်ညွန့်ရီ)၊ (ဦးတင်အေး)-ဒေါ်သန်းသန်းဝင်း၊ (ဦးကြင်ငွေ)-ဒေါ်မြင့်စိန်တို့၏အစ်ကို၊ ဦးသက်ခိုင်ဦး-ဒေါ်အေးသွင်၊ ဒေါ်လဲ့လဲ့ခိုင် (အငယ်တန်းလက်ထောက်၊ မြန်မာ့သစ်လုပ်ငန်း ပြည်ပငွေကောက်ခံရေးဌာနစု)၊ ဦးမျိုးမင်းထွန်း (NINE GENERATION)-ဒေါ်မင်းမင်းစန်း (ဟိုတယ်/ခရီး)တို့၏မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၅-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ချော(ရေကြည်) (၈၉)နှစ်

**အငြိမ်းစားမြို့နယ်ပညာရေးမှူး (ပုသိမ်)**

ရေကြည်မြို့နေ (ဦးနှစ်-ဒေါ်မြစ်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၁၀၀)၊ (၉၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ [ဒေါ်ခင်ရွှေ(ခ)ဒေါ်ဒေစီ]၏ ခင်ပွန်း၊ ဦးဝင်းမြင့်အောင်-ဒေါ်ခင်သီတာချော၊ ဦးလွင်မောင်ချော-ဒေါ်စန္ဒာမြင့်၊ Capt. ညီမောင်ချော(MV.TAIYUAN-Uniteam Marine)-Dr.သော်တာရှင်းသန့်၊ ဦးသက်မောင်ချောတို့၏ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၅-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၈ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လီလီမင်း(ပုသိမ်မယ်)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၁၃၆)၊ ဗားကရာလမ်းနေ ဦးရှန်ကျင်-ဒေါ်ဝါးတို့၏သမီး၊ (ဗိုလ်မှူးကြီးကျော်မင်း)၏ဇနီး၊ ဦးလဝင်း-ဒေါ်ရီရီထွေးတို့၏ညီမ၊ ဦးမင်းဝေဦး-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါက်တာမင်းဝေလတ်-ဒေါ်ခင်ခင်စိမ်း၊ (ဦးမင်းဝေမြတ်)-ဒေါ်ချိုချို၊ ဦးကျော်ဝင်းဆွေ-ဒေါ်မင်းသိင်္ဂီ၊ ဒေါက်တာမောင်မောင်မျိုး-ဒေါ်မင်းစံပယ်၊ (ဦးမင်းဝေအောင်)-ဒေါ်နှင်းပွင့်ဖြူ (ဦးမင်းစံ)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၅-၆-၂၀၁၈ (တနင်္လာနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်ခန်းမ(၃)မှ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွဲ့နွဲ့ရှိန် (၇၆)နှစ်

**(အ. လ. ပြ) ဆရာမ (ငြိမ်း)၊ အထက(၂) စမ်းချောင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ တိုက်(၃၇)၊ ပထမထပ်နေ (ဦးအုန်းခ-ဒေါ်သင်းကြည်)တို့၏ သမီး၊ ဗိုလ်မှူးလှထွန်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးလင်းထွန်း(C.Melchers GmbH & Co., KG)-ဒေါ်မာလာလင်း (Myanmar Paper & Stationery Mart Ltd)၊ ဒေါက်တာခိုင်ခိုင်စိုး(ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန)တို့၏ ချစ်လှစွာသောမိခင်၊ မောင်အာကာလင်းထွန်း (2nd MB, UM-1)၏ ချစ်လှစွာသောအဘွားသည် ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးမျိုးညွန့် (၆၅)နှစ်

**လူရည်ချွန်သုံးထပ်ကွမ်း (၁၉၆၈၊ ၁၉၆၉၊ ၁၉၇၀) (၁၂၀၂) B.Ag(၁၉၇၇)**

**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း) စိုက်ပျိုးရေးဦးစီးဌာန**

မကွေးမြို့၊ ကန်သာရပ်နေ (ဦးကျော်လွင်-ဒေါ်အေးခိုင်)တို့၏ သား၊ ဦးမြင့်သိန်း-(ဒေါ်သန်းသန်းစိန်)၊ ဦးအေးပိုင်-ဒေါ်စန်းစန်းညွန့်၊ (ဦးသိန်းထွန်း)-ဒေါ်အေးငြိမ်း၊ ဦးကျော်ဆွေ-ဒေါ်ခင်မာရီ၊ (ဦးဇော်မင်းခိုင်)-ဒေါ်အေးသင်းနွယ်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်နေ ဦးတင်ရွှေ-ဒေါ်ကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဝေဘာလမ်း၊ အမှတ် (၉)နေ ဒေါ်အေးအေးမြ (လက်ထောက်ညွှန်မှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာရဲဝင်းထွန်း-ဒေါက်တာဆုညွန့်လွင်(ဆေးတက္ကသိုလ်-၂၊ မြောက်ဥက္ကလာပ)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၅-၆-၂၀၁၈(တနင်္လာနေ့) ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးမျိုးညွန့် (မကွေး) (၆၅)နှစ်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စိုက်ပျိုးရေးဦးစီးဌာန**

**B.Ag (1977)**

မကွေးမြို့၊ ကန်သာရပ်နေ (ဦးကျော်လွင်-ဒေါ်အေးခိုင်)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်နေ ဦးတင်ရွှေ-ဒေါ်ကြည်တို့၏ သားသမက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဝေဘာလမ်း၊ အမှတ်(၉)နေ ဒေါ်အေးအေးမြ (လက်ထောက်ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာရဲဝင်းထွန်း-ဒေါက်တာဆုညွန့်လွင် (ဆေးတက္ကသိုလ်-၂)တို့၏ မွေးသဖခင်သည် ၂၅-၆-၂၀၁၈(တနင်္လာနေ့) ညနေ ၃း၃၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများ ကျင်းပ



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ သတ်မှတ်နေရာ အသီးသီး၌ ကျင်းပသည်။

နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း၊ EAO စေ့စပ်ညှိနှိုင်း ဆွေးနွေးပြီး ရွေးချယ်သော မူဝါဒ အဆိုပြုလွှာများဖြစ်သည့် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆**

## အင်ဒိုနီးရှား၌ ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်းရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၂၆**

ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ သေနတ်ပစ်၊ ဘောလုံး၊ လှေလှော်၊ မြားပစ်၊ ဘော်လီဘောနှင့် တိုက်ကွမ်ဒိုအားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူလကအားကစားနည်းခုနစ်မျိုးတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ယခုအခါ တိုက်ကွမ်ဒိုအားကစားနည်း၌ ထပ်တိုးယှဉ်ပြိုင်မည်ဖြစ်ရာ

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ○**

## ယူ-၂၃ လေးနိုင်ငံ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အမျိုးသားဘောလုံးအသင်းအတွက် ရည်ရွယ်ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ (Alpine Cup 2018) ကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

**တစ်ရက်နှစ်ပွဲ**

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။ အုပ်စုပွဲများကို တစ်ရက်လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်တွင် ဘာရိန်းယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ မြန်မာ ယူ-၂၃ အသင်းနှင့် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဩဂုတ် ၃ ရက်တွင်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

## (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၆

**(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့နံနက် ၈ နာရီတွင် စတင်ကျင်းပခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၈၁၈ တွဲကို ယူရို ၈၆ ဒသမ ၈၆၆ သန်းဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။**

ယနေ့တွင် ပြည်တွင်းပြည်ပ ရတနာကုန်သည် ၄၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာဝယ်ယူခဲ့ကြပြီး အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့် အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ အမှတ်(၂၃၀၁)မှ (၃၄၅၀)အထိ အတွဲပေါင်း ၁၁၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✳**



(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ကျင်းပနေမှုကို တွေ့ရစဉ်။


